ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေ့ဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု၊ မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု၊ မပြုကိုသာလျှင် ကြည့်ရှုဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ သောကြာနေ့။ Friday, 21 February 2025 ၁၁၇၄၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ပင်းတယမြို့၌ ခရမ်းချဉ်သီးများ ခူးဆွတ်ရောင်းချ တောင်သူများ ဈေးကောင်းရရန် မျှော်လင့်

ပင်းတယ ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ ဖေဖော်ဝါရီလမှစတင်၍ ခရမ်းချဉ်သီးများ ခူးဆွတ်ရောင်းချလျက်ရှိသည်။ အဆိုပါ ခရမ်းချဉ်သီးများ ခူးဆွတ်ရောင်းချရာတွင် တောင်သူများအနေဖြင့် ဈေးနှုန်းမတည်ငြိမ်မှုများကြောင့် အရောင်းအဝယ် အေးနေကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

# ရေနံချောင်းမြို့နယ်၌ ဆောင်းသီးနှံ ကြက်သွန်နီများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ရေနံချောင်း ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ အုပ်စု၌ ဆောင်းကြက်သွန်နီစိုက်ဧက စုစုပေါင်း ၃၃၅၆ ဧက စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ရေနံချောင်းမြို့နယ်အတွင်းရှိ အရှေ့ကုန်း၊ အုတ်ရှစ်ကုန်း၊ သုံးဆယ့်ခြောက်၊ ပင်းဝ၊ မာန်မြေ၊ ကျမ်းကိုင်ကျွန်း၊ ဖောင်းကတော၊ ဘူးကျွန်း၊ ဖောင်းကွဲ၊ ရုံးဆိပ်ကျွန်း၊ ဝက်လွတ်၊ ဝက်မစွတ် စသည့် ကျေးရွာအုပ်စု ၁၂ အုပ်စုတွင် ဆောင်းကြက်သွန်နီ စုစုပေါင်း ၃၃၅၆ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

"ဆောင်းသီးနှံ ကြက်သွန်နီကို ဇန်နဝါရီလကစပြီး ပင်းချောင်းတစ်လျှောက်မှာ ပင်းချောင်းရေကို အမှီပြုစိုက်ပျိုးပါတယ်။ စိုက်ပြီး သုံးလအကြာမှာ ရိတ်သိမ်းရပါတယ်။ မျိုးအနေနဲ့ ရွှေနီမျိုးကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



ရေနံချောင်းမြို့နယ်၌ ကြက်သွန်နီစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

ဟားခါးမြို့၌ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပ၊ ယာယီနေရပ်စွန့်ခွာမိသားစုများအတွက် ငွေကျပ် ၅၄၃၆၉၀၀၀ တန်ဖိုးရှိ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ် စာမျက်နှာ » ၃

ရောဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်ခ်မက်)အလှည့်ကျဥက္ကဋ္ဌတာဝန် အောင်မြင်စွာ ထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းမှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ စာမျက်နှာ » ၄

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ စာမျက်နှာ » ၅

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀၀ ထပ်မံလွှဲပြောင်းပေးအပ် စာမျက်နှာ » ၁၀

ကြေးမုံ

# ပြည်တွင်းစားသောက်ကုန်ကဏ္ဍဖွံ့ဖြိုးရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်

"လူသားတိုင်း အသက်ရှင်ရပ်တည်မှုအတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့သည် အဓိကအရေးကြီးသည့် အရာများဖြစ်ကြောင်း၊ ယင်းသုံးခုအတွင်းတွင် စားသောက်ရေးသည် အခြေခံကျပြီး နေ့စဉ်ကြုံတွေ့နေရမည့် မရှိမဖြစ်သည့်အရာဖြစ်ကြောင်း၊ အဆိုပါစားရေးကို အဆင်ပြေစေရန်အတွက် လိုအပ်သည့်စားသောက်ကုန်များသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းကောင်းဖြင့် ဖြန့်ဖြူးပေးနိုင်မှသာ ပြည်သူများအတွက် အစားအစာဖူလုံမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်လည်း အဆင့်မီမီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဖေဖော်ဝါရီလ ၁၉ ရက်နေ့ကပြုလုပ်သည့် မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျပြီး သေချာသည့်ကုန်ကြမ်းများသည် ပြည်တွင်း၌ပင် အလုံအလောက်ထွက်ရှိသည်။ မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းအရေအတွက်သည် စုစုပေါင်း ၂၃၈၈၇ ခုရှိပြီး ကုန်ထုတ်လုပ်မှုကဏ္ဍစုစုပေါင်း၏ ၄၉ ဒသမ ၆၃ ရာခိုင်နှုန်းရှိသဖြင့် အများဆုံးဖြစ်သည်။ စက်မှုဇုန်များတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းပေါင်း ၂၀၀၄ ခုဖြင့် အများဆုံးဖြစ်ပြီး ပြည်တွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား MSME မှတ်ပုံတင်စာရင်းတွင် စားသောက်ကုန်လုပ်ငန်းသည် ၉၉၈၄ ခုဖြင့် အများဆုံးရပ်တည်နေသည်ကိုတွေ့ရသည်။

ပုဂ္ဂလိကစက်မှုကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် အရေအတွက်များပြားပြီး အရေးပါသည့် စားသောက်ကုန်လုပ်ငန်းများအား သာမန်သဘောမထားဘဲ အလေးထားလုပ်ကိုင်ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း တွေ့မြင်နေရပြီဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်နိုင်ရေး ဆောင်ရွက်နေကြသည့် စားသောက်ကုန်လုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် အားပေးမြှင့်တင်နိုင်ရန် ယခုကဲ့သို့ ဖိုရမ်များကျင်းပ၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်တွင်းစားသောက်ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားကြရာတွင် လက်ရှိတွင် ပြည်ပသွင်းကုန် စားသောက်ကုန်များကို ဦးစားပေးနေသည့်အပေါ်တွင် ပြည်တွင်းစားသောက်ကုန်ပစ္စည်းများ၏ အားသာချက်၊ အားနည်းချက်၊ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးဖလှယ်ကြရမည်ဖြစ်သည်။

အစိုးရနှင့်ပုဂ္ဂလိကအကြား နီးနီးကပ်ကပ်ပူးပေါင်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုအဆင့်အတန်းမြင့်မားရေးနှင့် ကုန်စည်စီးဆင်းမှု တိုးတက်အားကောင်းလာမည်ဖြစ်သည်။ အဓိကခံယူထားကြရမည့်အချက်မှာ မိမိအကျိုး၊ နိုင်ငံအကျိုးအတွက် လုပ်ဆောင်နေကြသည်ဆိုသည့် အသိဖြင့် လုပ်ငန်းများ သွက်လက်မြန်ဆန်လာအောင်၊ တိုးတက်မြင့်မားလာအောင် ဝိုင်းဝန်းပူးပေါင်း လက်တွဲလုပ်ဆောင်ကြရမည်ဖြစ်သည်။ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များသည် သေချာသည့်ပြည်တွင်းကုန်ကြမ်းများဖြစ်၍ ယင်းတို့ကို ပြည်ပသွင်းကုန် အစားထိုးရန်နှင့် ပြည်ပပို့ကုန် မြှင့်တင်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်သွားကြရမည်ဖြစ်သည်။ ပြီးခဲ့သည့်ကာလကပြုလုပ်ခဲ့သည့် ဒေသအလိုက် ထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲမှ အကျိုးရလဒ်များရရှိပြီးဖြစ်သည်။

ယခုကျင်းပပြုလုပ်သည့် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ကို စားသောက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်တစ်ရပ် ဖြစ်ထွန်းလာစေရေး၊ စားသောက်ကုန်ထုတ်လုပ်ငန်း ကွင်းဆက်တစ်လျှောက် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေပြီး သွင်းကုန်အစားထိုး ထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစီအမံသစ်များ ဖော်ဆောင်ပေးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များတွင် ရှင်းလင်းလွယ်ကူစေရေးနှင့် နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ရေး ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု GDP ဖြင့် တိုင်းတာကြရာတွင် နိုင်ငံ၏ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူသည့် ကဏ္ဍကြီးသုံးခုကိုအခြေခံပြီး တွက်ချက်ကြရာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုနိုင်ငံအဖြစ်သို့ ထူထောင်ရာ၌ အခြေခံကျပြီး နေ့စဉ်မရှိမဖြစ်လိုအပ်သည့် စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ဖိုရမ်များကျင်းပပြီး နည်းလမ်းမျိုးစုံဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁ / ၂၀၂၅)
၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အောင်သီဟရပ်ကွက်၊ သဇင်လမ်း၊ ဧ-၁၂၇ တွင် ပါတီ ရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)** ကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)**၏ မှတ်ပုံတင်အမှတ်မှာ (၅၆) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၁,၅၇၄ | ၁၁,၆၄၇,၆၀၀ |
| MTSH | ၂,၉၀၀ | ၃,၀၀၀ | ၂,၃၆၅ | ၆,၉၆၂,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၃၂ | ၂၄၃,၆၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၉၈၅ | ၁,၅၉၈,၇၅၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၁၀၂ | ၄၀၃,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၅၀ | ၂၇ | ၈၆,၄၅၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဟားခါးမြို့၌ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပ ယာယီနေရပ်စွန့်ခွာမိသားစုများအတွက် ငွေကျပ် ၅၄၃၆၉၀၀၀ တန်ဖိုးရှိ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်

**ဟားခါး ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ် ကြီး တင်အောင်စန်းသည် နိုင်ငံ တော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ဒေါက်တာ ဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ဟားခါးတပ်နယ် အားကစားကွင်း၌ ကျင်းပသည့် (၇၇) နှစ်မြောက် ချင်းအမျိုးသား နေ့ အခမ်းအနားသို့ တက်ရောက် ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ဒေါက်တာ ဘရွှေ၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် တို့က (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို စတင်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များက သတ် မှတ်နေရာအလိုက် နေရာယူကြပြီး နိုင်ငံတော်အလံကို အလေးပြုကြ သည်။

ယင်းနောက် သဘာပတိ ခေါင်းဆောင် ဦးကောလ်လျန်ထန်း က နှုတ်ခွန်းဆက်စကားပြော ကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ချင်းအမျိုးသား နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်တို့က ချင်း ပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်း ကောင်းဆုရရှိသူများကို လည်း ကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒေါက်တာသက်ခိုင်ဝင်း တို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ချင်းပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်းဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(ပထမအဆင့်) ရရှိသူများကို လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်း၊ ခွန်သန့် ဇော်ထူးနှင့် ချင်းပြည်နယ်ဝန်ကြီး ချုပ်တို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်) ရရှိသူများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ က ချင်းပြည်နယ်အတွင်းရှိ ယာယီ နေရပ်စွန့်ခွာ ဝန်ထမ်းများအတွက် ရိက္ခာငွေကျပ် သိန်း ၅၀၀၊ ချင်းပြည် နယ်အစိုးရအဖွဲ့အတွက် DTH စလောင်း အစုံ ၅၀ နှင့် DVB T-2 Set Top Box အလုံး ၁၀၀၊ ယာယီ နေရပ်စွန့်ခွာမိသားစုများအတွက် ငွေကျပ် ၅၄၃၆၉၀၀၀ တန်ဖိုးရှိ စားနပ်ရိက္ခာများ၊ ငွေကျပ် ၄၅၀၀၀၀၀၀ တန်ဖိုးရှိ ပေ (၁၀၀ x ၃၀ x ၁၈ ) အရွယ် Green House တစ်လုံးနှင့် အားကစားပစ္စည်းများ ကို ထောက်ပံ့ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချင်းပြည်နယ်အစိုးရ အဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာန ဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံ ရာ ချင်းပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို ရှင်းလင်း တင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူ များက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြချက်များအပေါ် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့က လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေး ကာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ယင်းနောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ခင်းကျင်းပြသ ထားသည့် ပြခန်းများကိုလှည့်လည် ကြည့်ရှုကြပြီး ချင်းတိုင်းရင်းသား ရိုးရာအကအဖွဲ့များက ရိုးရာအက များဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ချင်းအမျိုး သားနေ့ပွဲတော် အထိမ်းအမှတ် မီးပုံပွဲတော်ကို ချင်းတိုင်းရင်းသား ရိုးရာအကအဖွဲ့များနှင့် အတူ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ချင်းအမျိုးသားနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည် ကြည့်ရှုစဉ်။

**❍ ရေနံချောင်းမြို့နယ်မှ**

စိုက်ပျိုးတယ်။ ပျိုးစေ့တစ်ပြည်စိုက် စိုက်ခင်းတစ်ခင်း ကနေ ကြက်သွန်နီ ပိဿာ ၁၅၀၀ ခန့် ထွက်ရှိပါတယ်။ လက်ရှိကြက်သွန်စိုက်ခင်းတွေက အောင်မြင် ဖြစ်ထွန်းနေပြီး သီးနှံပေါ်ချိန်မှာ အထွက်နှုန်းကောင်းဖို့ နဲ့ ဈေးကောင်းရဖို့မျှော်လင့်ပါတယ်"ဟု သုံးဆယ့် ခြောက် ကျေးရွာ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ်၌ စားဖိုဆောင်သီးနှံဖြစ် သည့် ကြက်သွန်နီကို စီးပွားဖြစ်စိုက်ပျိုးကြသည့် အပြင် ဆန်စပါး၊ပဲအမျိုးမျိုးနှင့်အခြားဟင်းသီးဟင်းရွက် များကိုလည်း စိုက်ပျိုးကြပြီး စားသုံးဆီဖူလုံပို လျှံ စေရန်အတွက် မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက် သီးနှံများကိုလည်း အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ် နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# နိုင်ငံပိုင်သယံဇာတများကို မတော်လောဘဖြင့် ဥပဒေမဲ့ခိုးထုတ်ကာ အကြမ်းဖက်နှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို ထောက်ပံ့နေမှုအား တိုက်ဖျက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ ထို့အပြင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရမည်ဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံပိုင်သယံဇာတပစ္စည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများလည်း ပြဋ္ဌာန်းထားရှိပြီး သယံဇာတထုတ်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသည်။

သို့ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသအချို့တွင် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများကို အခွင့်ကောင်းယူကာ မတော်လောဘ စီးပွားရေးသမားများက နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများကိုထောက်ပံ့ခြင်း၊ လက်နက်ကိုင်သောင်းကျန်းသူများအား ထောက်ပံ့ခြင်းများကို လုပ်ဆောင်နေကြသည်။ ထိုသို့သော မတော်လောဘဖြင့် ဥပဒေမဲ့နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ခိုးထုတ်ကြရာတွင် ဥပဒေကို မသိနားမလည်သည့်အပြင် ဆင်းရဲနွမ်းပါးသည့် ဒေသခံပြည်သူများကို ငွေကြေးဖြင့်ဆွဲဆောင်စည်းရုံးကာ အလုပ်လုပ်ကိုင်စေလျက်ရှိကြောင်းကိုလည်း တွေ့ရသည်။ ယင်းသို့ လုပ်ကိုင်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုကို အားပေးမှုမြောက်ကြောင်း ယင်းကဲ့သို့ ဥပဒေမဲ့ခိုးထုတ်မှုများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် ပြည်သူများ သတိပြုကြရန်လိုပါသည်။

မတော်လောဘဖြင့် နိုင်ငံ၏သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို ထောက်ပံ့နေမှုများအား နိုင်ငံတော်အနေဖြင့် စိစစ်ဖော်ထုတ်၍ လိုအပ်သလို တိုက်ဖျက်ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ပါ၍ ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို အားပေးထောက်ပံ့မှုပြုနေသည့် ယင်းကဲ့သို့ ဥပဒေမဲ့သယံဇာတခိုးထုတ်သည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမှ အထူးသတိပြုရှောင်ရှားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်ခ်မက်) အလှည့်ကျဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏အခန်းကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းမှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ





နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်ခ်မက်) အလှည့်ကျဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းမှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအကြိမ် အက်ခ်မက်ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ်တွင် ပုဂံမြို့၌ ကျင်းပခဲ့ပြီး (၆)ကြိမ်မြောက် အက်ခ်မက် ထိပ်သီးအစည်းအဝေးကို ၂၀၁၅ ခုနှစ်တွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါကြောင်း။

၂၀၂၄ ခုနှစ် နိုဝင်ဘာလက တရုတ်နိုင်ငံ ကူမင်းမြို့၌ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးတွင် အက်ခ်မက်အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံထံမှ လွှဲပြောင်းလက်ခံခဲ့ပါကြောင်း၊ လာမည့်(၁၁)ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အလှည့်ကျ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပသွားရမည်ဖြစ်ပါကြောင်း၊ ယင်း(၁၁)ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေး ခေါင်းစဉ်(Theme) အဖြစ် “Strengthening Socio-Economic Development towards Smart and Sustainable ACMECS” (လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အက်ခ်မက်ဒေသ တည်ဆောက်ကြပါစို့)ကို အတည်ပြုရွေးချယ်ထားပြီးဖြစ်ပါကြောင်း။

## အခွင့်အရေးကောင်းတစ်ခုဖြစ်

မြန်မာနိုင်ငံအနေဖြင့် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားနိုင်ရန်ရည်ရွယ်၍ ယခုအလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောသယံဇာတများကို အရည်အသွေးမြင့် လူသုံးကုန်ပစ္စည်းများအဖြစ် တိုးမြှင့်ထုတ်လုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး စသည်တို့ကို အလေးထားဆောင်ရွက်မည့် နယ်ပယ်များအဖြစ် သတ်မှတ်ထားရှိပြီး ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသည် အက်ခ်မက်လုပ်ငန်းစဉ်အောက်ရှိ ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်သည့် အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ရန် အခွင့်အရေးကောင်းတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စုံညီဆွေးနွေးပွဲအစီအစဉ်တွင် ဒုတိယဝန်ကြီး ဦးလွင်ဦးက မြန်မာနိုင်ငံမှ အက်ခ်မက်အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည့် အစည်းအဝေးများနှင့်အစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့် မျှော်မှန်းရလဒ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက အက်ခ်မက်ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ အက်ခ်မက်ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် မြန်မာနိုင်ငံက လက်တွေ့ဆောင်ရွက်သွားနိုင်မည့် စီမံကိန်းများနှင့် အစီအစဉ်များ၊ မြန်မာနိုင်ငံက အက်ခ်မက်အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ်ကာလအတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ထိရောက်စွာဆောင်ရွက်သွားနိုင်ရေး၊ အက်ခ်မက်စီမံကိန်းများနှင့် အစီအစဉ်များကို ထိရောက်စွာ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးနှင့် အက်ခ်မက်အလှည့်ကျဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းမှု ဆက်လက်မြှင့်တင်သွားရေးတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အက်ခ်မက်ပူးပေါင်းဆောင်ရွက်မှု မဏ္ဍိုင်သုံးခုအောက်တွင်ရှိသည့် ဦးစားပေး စီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များကို ပြည်တွင်းလုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များကို ဆက်လက် အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့နိုင်ငံနှင့် ဒေသတွင်း ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် အစီအစဉ်များ ချမှတ်ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အက်ခ်မက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူထားသည့် ဝန်ကြီးဌာန ၂၀ မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ကပ္ပလီ ပင်လယ်ပြင် တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်မှ ညောင်ဦးပဲဆီသန့်အမည်ဖြင့် ပဲဆီသန့်များ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

ညောင်ဦး ဖေဖော်ဝါရီ ၂၀

ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်လုပ်ငန်းက ဒေသတွင်းရှိစားသုံးသူများအား ပဲဆီသန့်များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်သာမက နိုင်ငံတစ်ဝန်းသို့လည်း တင်ပို့ရောင်းချပေးလျက်ရှိသည်။

ဒေသတွင်းရှိအခြေခံသမဝါယမအသင်းများမှ အသင်းသား မြေပဲစိုက်တောင်သူများအား သမဝါယမ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ အခြေခံသမဝါယမအသင်း ၈၀ ရှိ အသင်းသား ၄၈၇၂ ဦးပိုင် မြေပဲစိုက်ဧက ၁၀၅၄၃ ဧကအတွက် မျိုးမြေပဲဆန်နှင့် သွင်းအားစုများ ပံ့ပိုးပေးနိုင်ခဲ့ပြီး အသင်းသား မြေပဲစိုက်တောင်သူများက မြေပဲဆန်များကို အနော်ရထာဆီစက်လုပ်ငန်းသို့ ပြန်လည်ပေးသွင်းလျက်ရှိသည်။

သမဝါယမအသင်းသားမဟုတ်သည့် မြေပဲစိုက်တောင်သူများ၏ မြေပဲဆန်များကိုလည်း ကာလပေါက်ဈေးအတိုင်း ဝယ်ယူလျက်ရှိပြီး သမဝါယမကန်ထရိုက်လယ်ယာစနစ်ကိုလည်း တစ်နှစ်ထက်တစ်နှစ် အသင်းအရေအတွက်၊ အသင်းသားအရေအတွက် ပိုမိုတိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကုန်ကြမ်း မြေပဲဆန် ပိဿာ ၂၂၀၀၀၀ ဝယ်ယူကြိတ်ခွဲနိုင်ရေး လျာထားခဲ့ရာ ယခုအချိန်အထိ ကုန်ကြမ်း မြေပဲဆန် ပိဿာ ၂၄၅၀၀၀ ဝယ်ယူနိုင်ခဲ့သဖြင့် လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်နိုင်ခဲ့သည်။ ထွက်ရှိလာသည့် မြေပဲဆီသန့်များကို ညောင်ဦးပဲဆီသန့်အမည်ဖြင့် ၅၀ ကျပ်သား၊ ၁ ပိဿာ၊ ၂ ပိဿာ၊ ၃ ပိဿာ၊ ၅ ပိဿာ၊ ၁၀ ပိဿာ ပုံးများဖြင့် ရောင်းချဖြန့်ဖြူးလျက်ရှိသည်။

ကိုဇော်(ခတု)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၀

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက နိုင်ငံတော်အကြီးအကဲက မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော စက်မှုလုပ်ငန်း (Agro Base Industry)ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားနှင့် ပြည်သူတို့၏ အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ခေတ်မီ စိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျစိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးရေး၊ မွေးမြူရေးသို့ သွားရန်လိုကြောင်း၊ ယင်းအတွက် လူသားအရင်းအမြစ်များ လိုအပ်ကြောင်းကို လမ်းညွှန်မိန့်ကြားခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အခြေခံကောင်းများရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် မိမိတို့ ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များ၌ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဇုန်များအလိုက် ထိုက်သင့်သည့် နှုန်းထားများအတိုင်း မွေးမြူဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ဒေသအလိုက် လိုအပ်သောရေရရှိရေးအတွက် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေဟူ၍ နည်းလမ်းများရှိသဖြင့် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြစ်ကြီးများအနီးတွင်ရှိသည့် ဒေသများအနေဖြင့် မိမိတို့လုပ်ငန်းအလိုက် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ပြီး လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်စွမ်းအင်ဖြင့် ထုတ်ယူဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့် ဆိုလာစီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်း လိုအပ်ချက်အလိုက် ဆိုလာစီမံကိန်းများ ဆောင်ရွက်နိုင်ကြောင်း။

ယင်းလုပ်ငန်းအတွက် ရင်းနှီးငွေလိုအပ်ပါက လိုအပ်သော စီမံကိန်းချေးငွေများကို ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံတော်က လမ်းညွှန်မှုပြုပြီး ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏ လမ်းညွှန်မှုများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုများကို မိမိတို့ကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများ အောင်မြင်စေရေး လက်တွေ့ကြပ်မတ်ကွပ်ကဲ အကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၌ ပြည်တွင်းပြည်ပ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ရှိပါကလည်း လုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်ရာ၌ ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော နည်းပညာ၊ လျှပ်စစ်ဓာတ်အား၊ အရင်းအနှီးတို့ကို ဖန်တီးပေးရန် အရေးကြီးပါကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန် ၂၁ ချက်ကိုလည်း ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ ချိတ်ဆက်မှုအားကောင်းကောင်းဖြင့် မျက်ခြည်မပြတ် ကြပ်မတ်ဆောင်ရွက်ပေးကြရန်နှင့် အဆိုပါလုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက်များကိုလည်း ဝန်ကြီးဌာနတစ်ခုချင်း သာမက ဆက်စပ်ဝန်ကြီးဌာန များနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများက ဝိုင်းဝန်းအကြံပြုသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ ပထမအကြိမ် အစည်းအဝေး လမ်းညွှန်ချက်များနှင့် ဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(UMFCCI)နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆွေးနွေးတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယနေ့တွင် ကော်မရှင်ဥက္ကဋ္ဌသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ တစ်နှစ်သုံးသီးသီးထပ်သီးနှံပုံစံ စမ်းသပ်စံပြစိုက်ကွင်းနှင့် သုတေသနစိုက်ကွင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မွေးမြူရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် များက ဆောင်ရွက်ဆဲ သုတေသနလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန မျိုးစေ့နမူနာပြခန်းများ၊ မျိုးစေ့ဘဏ်နှင့် စိုက်ပျိုးနည်းပညာပြန့်ပွားစေရေးနှင့် တောင်သူပညာပေး ထုတ်လွှင့်သည့် တောင်သူလယ်သမားကဏ္ဍ ရုပ်သံစတူဒီယိုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ပင်းတယမြို့မှ**

ပင်းတယမြို့နယ်တွင် ခရမ်းချဉ်သီးများကို မိုးသီးနှံ၊နွေသီးနှံခွဲ၍ စိုက်ပျိုးကြပြီး ရေခြံများမှာ ရာသီအလိုက်ရရှိသည့် သီးနှံပင်များကို စိုက်ပျိုးကြကာ ယခုခရမ်းချဉ်သီးကို စိုက်ပျိုးရာတွင် မျိုးစေ့များပျိုးထောင်ပြီး တစ်လအကြာတွင် ပျိုးပင်များကို ရာသီဥတုအပေါ် မူတည်၍ စိုက်ပျိုးသည်။ ပျိုးပင်များစိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ကြောင်း သိရသည်။ ခရမ်းချဉ်သီးတစ်ပင်လျှင် အနည်းဆုံး တစ်ပိဿာခန့်ထွက်ရှိပြီး တစ်ပတ်တစ်ခါ ပျိုးပင်ပေါ် မူတည်ခူးဆွတ်ကြကာ အောင်ပန်းမြို့ပွဲရုံများနှင့် မန္တလေးမြို့ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ တချို့သီးနှံပွဲစားများအနေဖြင့် စိုက်ကွင်းထဲသို့ ကိုယ်တိုင်လာရောက် အခင်းပြတ်ဝယ်ယူကြကြောင်း သိရသည်။

ပင်းတယမြို့နယ်တွင် ရာသီအလိုက် ဒေသထွက်ကုန်များအနေဖြင့် ကော်ဖီ၊ လက်ဖက်၊ ဂျုံ၊ ပြောင်း၊ ကြက်သွန်ဖြူ/နီ၊ အာလူး၊ ဂျုံး ၊ ပဲပုပ်၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်သီးနှင့် တောင်ယာစပါးများ စသည်တို့ကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

■

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၁) (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)

မြင့်စိုး(နတလ)

**မိုခါကို အမှတ်ရမိသည်**

ကျွန်တော် အမှတ်ရသလို အားလုံးကလည်း မှတ်မိကြဦးမည်ထင်ပါသည်။ အချိန်ကာလအနေဖြင့် တိတိကျကျပြောရလျှင် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့၊ ရွာဒေသအတော်များများကို "မိုခါ" မုန်တိုင်း ဝင်ရောက်တိုက်ခတ်သွားခဲ့သည်။

ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်ရှိသည့် အနက် စစ်တွေ၊ ရသေ့တောင်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်နှင့် မြောက်ဦးဒေသများတွင် ထိခိုက်ပျက်စီးမှုများပြားခဲ့ပြီး ကျန်မြို့နယ်များက ကံကောင်းထောက်မစွာ ထိခိုက်ရှုနာနည်းခဲ့သည်။

နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၃ ခုနှစ် မေလ ၁၅ ရက်နေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိလာပြီး အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များပေးအပ်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လမ်းညွှန်မှာကြားခဲ့သည်။ ထိုနည်းတူစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည်လည်း ၂၀၂၃ ခုနှစ်မေလ ၁၇ ရက်နေ့တွင် စစ်တွေမြို့သို့ရောက်ရှိပြီး ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ဒေသများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ အဆင့်ဆင့်လမ်းညွှန်မှုများဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြ၍ လည်းကောင်း၊ မုန်တိုင်းဝင်ရောက်ပြီးနောက် ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ လည်းကောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်နိုင်ခဲ့ကြပြီး လျှပ်စစ်မီးများလင်းခဲ့သည်။ လမ်း/တံတားများ ပြုပြင်တည်ဆောက်ပေးနိုင်ခဲ့သည်။ သန့်ရှင်းသည့် သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ခဲ့သည်။ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ အချိန်မီပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။ ဆေးရုံ၊ ဆေးခန်း ညှိနှိုင်းပေါင်းစပ်မှာကြားခဲ့သည်။

ယင်းနောက်တွင်မူ မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသရှိ မြို့၊ ရွာများကို ယခင်မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင်ပြန်လည်ထူထောင်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရတို့ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ စေတနာရှင် အလှူရှင်များကလည်း သဒ္ဒါတရားထက်သန်စွာ လှူဒါန်းကူညီခဲ့ကြသည်။

တပ်မတော်(ရေ)၊ တပ်မတော်(လေ)မှ ရေယာဉ်၊ လေယာဉ်များ၊ ထောက်ပို့မော်တော်ယာဉ်တန်းများကလည်း ရခိုင်ဒေသအတွက် စားရေရိက္ခာများကူညီထောက်ပံ့ရေး၊ တည်ဆောက်ရေးပစ္စည်းများ သယ်ယူရေးတို့တွင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပါဝင်ခဲ့ရသည်။ မုန်တိုင်းမလာမီကပင် များ ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သကဲ့သို့ အထူးကုဆရာဝန်ကြီးများအဖွဲ့ဖြင့် မြို့နယ်အသီးသီးသို့ သွားရောက်ကုသပေးနိုင်ခဲ့သည်။ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ပြန်လည်စတင်နိုင်ခဲ့သည်။ ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ပေးခဲ့သည်။ အားကစားကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများပင် မကျန်စေရ။

ယင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများက ရခိုင်ဒေသသို့ မကြာခဏသွားရောက်ကွပ်ကဲဆောင်ရွက်ခဲ့ကြသကဲ့သို့ ဒုတိယဝန်ကြီးများက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရိပ်သာတွင် ရက်ပေါင်းများစွာ အခြေပြုနေထိုင်၍ မိမိတို့တာဝန်ယူထားရသော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြရသည်။

ကျွန်တော်သည်လည်းပဲ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည့် သောက်သုံးရေဖြန့်ဝေရေးလုပ်ငန်းများ၊ လမ်း/ တံတား ပြုပြင်တည်ဆောက်ပေးမှုများ၊ သမဝါယမအသင်းအဖွဲ့များ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ရက်ပေါင်း ၆၂ ရက်ကြာ နေထိုင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရင်း နိုင်ငံတော်အစိုးရ၏ စေတနာ၊ ဝန်ကြီးဌာနများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ အလှူရှင်များ၏ သဒ္ဒါတရားတို့ကို အများပြည်သူသိရှိစေရန်အတွက် သတင်းစာဆောင်းပါးများ ရေးသားဂုဏ်ပြုပေးခဲ့သည်။

ထိုသို့ ဂုဏ်ပြုရေးသားရာတွင် မြို့၊ ရွာအသီးသီး၌ လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်မီးလင်းစေရေးအတွက် နေ့မအား ညမနား၊ မိုးထဲလေထဲရေထဲတွင် အပင်ပန်းခံဆောင်ရွက်ခဲ့ကြသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို ပထမဦးဆုံး ဖော်ပြ၍ ရေးသားခဲ့သည်။ **မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)** ခေါင်းစဉ်ဖြင့်။

သို့နောက်မှ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စသည်ဖြင့်။

စေတနာရှင် အလှူရှင်များနှင့် အနုပညာရှင်များကို ရည်ညွှန်း၍ **"မိုခါမုန်တိုင်းကြားကနှလုံးလှသူ"**များ ခေါင်းစဉ်ဖြင့် ထည့်သွင်းဖော်ပြလိုက်သေးသည်။ ဆိုရသော် ရခိုင်ဒေသနှင့်ပတ်သက်၍ မရည်ရွယ်ဘဲ မှတ်တမ်းတစ်ခုပြုမိသွားခဲ့သည်။ ယခုလည်း **"ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့"** ခေါင်းစဉ်ဖြင့် ဆောင်းပါးများ ရေးသားဂုဏ်ပြုရန် ကြံရွယ်လိုက်သောအခါ ပထမဦးဆုံး မြင်လိုက်မိသည်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဖြစ်၍ နေပါတော့သည်။ သူတို့ဝန်ကြီးဌာနနှင့် Digital Corner ပြခန်းတို့ချိတ်ဆက်ပြီး လုပ်ငန်းရှင်များ၊ လေ့လာကြည့်ရှုသူများ၏ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့၍ပါတည်း။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်း**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်းတွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနနှင့် အဏုမြူစွမ်းအင်ဦးစီးဌာန စသည့် ဦးစီးဌာနသုံးခု ပေါင်းစပ်၍ ပြည်တွင်းထုတ်လုပ်မှုဖူလုံစေရန်၊ ပြည်ပပို့ကုန်တိုးမြှင့်နိုင်စေရန်နှင့် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်စေရန်ရည်ရွယ်ပြီး ပြကွက် ၁၂ ကွက်ဖြင့် ပြသထားရှိပါသည်။

သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ ပြကွက်တွင် စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ကုန်ထုတ်လုပ်မှုအရည်အသွေးနှင့် ဈေးကွက်လိုအပ်ချက်များကို တိုးတက်စေရန်၊ နိုင်ငံတော်၏ဝင်ငွေနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သော ကုန်ထုတ်လုပ်မှုများမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့်

စာမျက်နှာ ၇ သို့ ◆







သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်းတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ တီထွင်ထားသည့် Smart Helmet for Riders ကို တွေ့ရစဉ်။

**"သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ ပြကွက်တွင် စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ကုန်ထုတ်လုပ်မှုအရည်အသွေးနှင့် ဈေးကွက်လိုအပ်ချက်များကို တိုးတက်စေရန်၊ နိုင်ငံတော်၏ဝင်ငွေနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သော ကုန်ထုတ်လုပ်မှုများမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့စံချိန်စံညွှန်းနှင့် ISO စံချိန်စံညွှန်းများ ရောင်းချခြင်း၊ စံချိန်စံညွှန်းဆိုင်ရာ အသိပညာပေးသင်တန်းများပို့ချခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများ (WTO/ TBT) သဘောတူညီချက်နှင့်အညီ အမျိုးသားအဆင့်စုံစမ်းရေးဌာန (National Enquiry Point) အဖြစ် ဆောင်ရွက်ခြင်း၊ စံချိန်စံညွှန်းစာကြည့်တိုက်အနေဖြင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ"**



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်းတွင် ပြသထားသည့် သုတေသနထုတ်ကုန်များ။



**MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ လုပ်ငန်းစဉ်များအား လာရောက်ကြည့်ရှုလေ့လာကြသူများကို တွေ့ရစဉ်။**

◆ **စာမျက်နှာ ၆ မှ**

မြန်မာ့စံချိန်စံညွှန်းနှင့် ISO စံချိန်စံညွှန်းများ ရောင်းချခြင်း၊ စံချိန်စံညွှန်းဆိုင်ရာ အသိပညာပေး သင်တန်းများပို့ချခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများ (WTO/ TBT) သဘောတူညီချက်နှင့်အညီ အမျိုးသား အဆင့်စုံစမ်းရေးဌာန (National Enquiry Point) အဖြစ် ဆောင်ရွက်ခြင်း၊ စံချိန်စံညွှန်းစာကြည့်တိုက် အနေဖြင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဇီဝနည်းပညာသုတေသနဦးစီးဌာန၏ ပြကွက်တွင် လက်ရှိထုတ်လုပ်ရောင်းချနေသည့် ဇီဝထုတ်ကုန်ခြောက်မျိုး [ရွှေစိမ်း (အပင်အားတိုးဆေး)၊ ရွှေဆည်ရည် (သီးပွင့်အားတိုးဆေး၊ အပင်ရောဂါပိုးကာကွယ်ဆေး)၊ ရွှေပိုးနှင် (သီးပွင့်အားတိုးဆေး၊ အပင်ရောဂါကာကွယ်ဆေး)၊ ရွှေဇီဝ (အကျိုးပြုအဏုဇီဝပိုးများပါသော ဇီဝမြေဩဇာ)၊ တစ်သျှူးမျိုးပွားအပင်များ (နဂါးမောက်၊ တပင်တိုင်မြနန်း၊ ရွှေနီ၊ ဖီးကြမ်း၊ ခွံ့ဝါတစ်သျှူးငှက်ပျော၊ နာနတ်၊ မြန်မာသစ်ခွ၊ ပိန်းပန်း)၊ Green – Tricho ဇီဝမှိုသတ်ဆေး (မြေတွင်းအောင်းမှိုသတ်ဆေး၊ မြေဆောင်၊ လေဆောင်၊ အစေ့ဆောင်မှို)] စသည်တို့ကို ပြသထားရှိပါသည်။

အဏုမြူစွမ်းအင်ဦးစီးဌာန၏ ပြကွက်တွင် နျူကလီးယားနည်းပညာကိုအသုံးချပြီး MSME ထုတ်ကုန်များကို အရည်အသွေးနှင့် တန်ဖိုးမြှင့်တင်ထုတ်လုပ်ပုံတို့ကို အဓိကပြသထားပါသည်။ ဂမ်မာဓာတ်ရောင်ခြည်ပေးပြီး ဝန်ဆောင်မှုလုပ်ငန်း ခုနစ်မျိုးကို ဆောင်ရွက်နိုင်ပါသည်။ အဆိုပါဝန်ဆောင်မှုများအနေဖြင့် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေခြင်း၊ တာရှည်ခံခြင်း၊ စက်မှုထုတ်ကုန်ပစ္စည်းများဖြစ်သည့် ဝိုင်ယာကြိုးများ၊ Polyethylene Foam Pipe များ၏ ဂုဏ်သတ္တိအရည်အသွေး တိုးတက်မြင့်တင်လာစေခြင်း၊ စိုက်ပျိုးရေးအထောက်အကူပြုသင်တန်းများ၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများလျှော့ချရေးတွင် အထောက်အကူဖြစ်စေခြင်း၊ သဘာဝတွင်းထွက် ကျောက်မျက်များ၏ အရည်အသွေးမြှင့်တင်ခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၏ အရည်အသွေးမြှင့်တင်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖြစ်ပါသည်။ ယခုအခါ Semi commercial အဆောက်အအုံကို ဆောက်လုပ်လျက်ရှိပြီး နောင်လာမည့် တစ်နှစ်၊ နှစ်နှစ်အတွင်း ပြည်သူများ အသုံးချနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားခဲ့သည်။

**လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မှုအခြေအနေ**

ပြပွဲတွင် One Stop Service ကိုလည်း ဆောင်ရွက်ပေးထားပြီး နည်းပညာ လာရောက်တောင်းခံသည့် လုပ်ငန်းရှင်များကို ပြပွဲအချိန်တွင်းမှာပင် ရှင်းလင်းဆွေးနွေးပေးပါသည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် မြန်မာစံချိန်စံညွှန်းစာရင်း (List) ၈၈၉ ခု ရှိပြီး ၎င်းတို့အနက်မှ လုပ်ငန်းရှင်များလိုအပ်သည့် စံချိန်စံညွှန်းမပါဝင်သဖြင့် ထပ်မံရေးဆွဲပေးရန် တောင်းခံသူလုပ်ငန်းရှင်များအား နည်းပညာတောင်းခံသည့်ပုံစံ (Form) တွင် ဖြည့်သွင်းဆောင်ရွက်ပေးရာ ပြပွဲကာလအတွင်း လုပ်ငန်းရှင် ၄၂ ဦး တင်သွင်းသွားပါသည်။ လုပ်ငန်းရှင်တစ်ဦးအတွက် ၎င်း၏ လယ်ယာထုတ်ကုန်တွင်သုံးသည့် စက်ပစ္စည်းအစိတ်အပိုင်းများကို မာကျောမှုတိုင်းတာပြီးဖြစ်ကြောင်း၊ Stainless Steel ဖြစ်ကြောင်း၊ Certificate ရရန်အတွက် ရန်ကုန်သို့ပေးပို့ပြီး လုပ်ငန်း(Function) အား ချက်ချင်းဆောင်ရွက်ပေးခဲ့ကြကြောင်း တွေ့ရသည်။

**Digital Corner ပြခန်း**

Digital Corner ပြခန်းကို ပြခန်းအမှတ် (၂၇) တွင်ထားရှိပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှုဆိုင်ရာ ပြကွက် ၁၆ ခုကို Nay Pyi Taw State Polytechnic University အပါအဝင် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက် တက္ကသိုလ်ကိုးခုမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၆ ဦးတို့က ရှင်းလင်းပြသခဲ့ကြသည်။ Smart Agriculture ၊ e-Commerce ၊ e-Service ပြကွက်များအပြင် ဉာဏ်ရည်တုနည်းပညာ (AI) ပြကွက်များလည်း ပါဝင်ပေသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ခင်းကျင်းပြသထားသည့် Digital Corner ပြခန်းတွင် Digital Solution for Restaurant၊ Smart Helmet for Riders၊ Sales and Ordering Management System၊ Paddy Farming System for Mon State၊ Heritage Craft Heaven၊ Rental and Sale Management System၊ Leather Lux၊ Myanmar Cuisine၊ Digital Transformation of MSME၊ Ayar Farm Link MSME Mobile App၊ AI for MSME၊ Myanmar Product Zone၊ Hair Salon Management System၊ Farmers' Era၊ CashNex Banking System၊ Branded Cosmetics Online Shopping System စသည့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ပရောဂျက်များအကြောင်းကို ရှင်းလင်းပြသထားပါသည်။

MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို အွန်လိုင်းမှတစ်ဆင့် ရောင်းချနိုင်စေရန်၊ ထုတ်ကုန်များကို ကြော်ငြာနိုင်စေရန်၊ ငွေပေးချေမှုများ ဆောင်ရွက်လိုပါက ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုခြင်းဖြင့် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်စေရန် e-Commerce Website များ ထူထောင်ပေးထားပြီး ပုသိမ်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ရေးဆွဲထားသည့် Digital Transformation of MSME ကို Website Portal တွင် ထုတ်လွှင့်ထားရှိပြီးဖြစ်ပါသည်။

ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုလုပ်ထားသည့် Smart Helmet for Riders ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက တီထွင်ထားရှိပြီး Launch လုပ်ရန် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ယခုအခါ MSME ပြပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ လုပ်ငန်းရှင်တစ်ဦးက ကောက်စိုက်ကိရိယာတီထွင်လိုသည့်အတွက် နည်းပညာအကူအညီပေးရန် တောင်းခံခဲ့ကြောင်းလည်း သိရှိခဲ့ရသည်။

နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်မှ ကျွမ်းကျင်ကျောင်းသား ကျောင်းသူများသည် Website မျိုးစုံကို ကျွမ်းကျင်စွာရေးသားနိုင်သည့်အတွက် MSME လုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဆိုပါက ကျောင်းသား ကျောင်းသူများအနေဖြင့် domain Knowledge များရရှိပြီး ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် မလိုအပ်ဘဲ ပြည်တွင်း၌ အလုပ်အကိုင်ရရှိစေမည်ဖြစ်ကာ လုပ်ငန်းရှင်များအနေဖြင့်လည်း အကျိုးကျေးဇူးများစွာရရှိနိုင်သည့်အတွက် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးများစွာ ရရှိနိုင်သော လုပ်ငန်းစဉ်ဖြစ်ပါသည်။

**ပရောဂျက်များ ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းမှု**

Digital Corner ပြခန်းကို ဝင်ရောက်ကြည့်ရှုလေ့လာကြပြီးနောက် ပြခန်းရှိ ပရောဂျက်များအား ပူးပေါင်းဆောင်ရွက်ရန် အကြံပြုဖိတ်ခေါ်သူများစွာ ရှိလာခဲ့သည်။ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက Farmers' Era ကို နေပြည်တော်ကောင်စီနယ်မြေရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်စပ်သော စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က Paddy Farming System for Mon State ၊ Ayar Farm Link MSME Mobile App၊ Farmers' Era ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်လည်းကောင်း၊ မြန်မာ့သြဘာလုပ်ငန်းစုကလည်းကောင်း၊ အခြားသောပညာရှင်၊ လုပ်ငန်းရှင်များကလည်းကောင်း အကြံပြုမှုများ၊ ဖိတ်ခေါ်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရသည်။

**ဆုချီးမြှင့်ရေးတွင် ပါဝင်ကူညီ**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် သူ၏တပည့်များကို ကျေးဇူးတင်ရသည့်ကိစ္စတစ်ခုမှာ ကျွန်တော် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီကို သူတို့၏နည်းပညာဖြင့် ဝိုင်းဝန်းကူညီခဲ့ကြ၍ ဖြစ်သည်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု (Digital Transformation) ကို လက်တွေ့ကျကျ ဆောင်ရွက်သည့်အနေဖြင့် LED Board ပေါ်တွင် နောက်ခံပြသမှု၊ ဒစ်ဂျစ်တယ်ဆုတံဆိပ်များပြုလုပ်မှု၊ ဂုဏ်ပြုချီးမြှင့်ငွေကို ဆုရသူ၏ iBanking Account ထဲသို့ လွှဲပြောင်းပေးပို့မှုအားလုံးကို အဆင်ပြေချောမွေ့စေရန် ကူညီခဲ့ကြသည်။

ဆုရသူများ၏ ကိုယ်ရေးအချက်အလက်ကို ဖော်ပြရန်အတွက် ပိုင်သွန် (Python) ပရိုဂရမ်ဘာသာစကားဖြင့် ရေးသားခြင်း၊ ငွေပေးချေမှုလုပ်ငန်းစဉ်နှင့် ဆုချီးမြှင့်မှုလုပ်ငန်းစဉ်တို့အတွက် ဒီဇိုင်းရေးဆွဲဖန်တီး တည်ဆောက်ပေးခဲ့ကြသည်။

ကျေးဇူးတင်ရပါသည် သိပ္ပံနှင့်နည်းပညာ။

**(ဆက်လက်ဖော်ပြပါမည်။)**

**❝ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို အွန်လိုင်းမှတစ်ဆင့် ရောင်းချနိုင်စေရန်၊ ထုတ်ကုန်များကို ကြော်ငြာနိုင်စေရန်၊ ငွေပေးချေမှုများ ဆောင်ရွက်လိုပါက ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုခြင်းဖြင့် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်စေရန် e-Commerce Website များ ထူထောင်ပေးထားပြီး ပုသိမ်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ရေးဆွဲထားသည့် Digital Transformation of MSME ကို Website Portal တွင် ထုတ်လွှင့်ထား ❞**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟာရီရှ် ချန်ဒရာဂီမီရေးအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းခိုင်မာလာစေရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို မြှင့်တင်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးစွာအမြင်ခြင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၀

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ နေပြည်တော်တိုင်း မီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူးက နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ရုံးများ၊ ပြည်သူပိုင်အဆောက်အအုံ၊ ရုံးများကို သဘာဝဘေးအန္တရာယ်နှင့် ပေါ့ဆမီးများကြောင့် ဆုံးရှုံးမှုများ မဖြစ်စေရန်နှင့် ပျက်စီးမှုများမှ အမြန်ဆုံးတားဆီးကာကွယ်ပေးနိုင်ရန် မိမိတို့မီးသတ်ဦးစီးဌာန၏ ဆောင်ပုဒ်တစ်ခုဖြစ်သည့် မြန် ၃ မြန် (မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်သတ်) ဆိုသည့်အတိုင်း လိုက်နာကျင့်သုံးလျက်ရှိကြောင်းပြောကြားပြီး ဥတ္တရခရိုင် မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရေးအတွက် သိသင့်သိထိုက်သည့်အကြောင်းအရာများနှင့် နည်းလမ်းများ၊ အမြန်ဆုံးတားဆီးကာကွယ်နိုင်စေရေးအတွက် အသုံးပြုလျက်ရှိသည့် နည်းလမ်းများ၊ System များ၊ စောင့်ကြည့်ကင်မရာများ၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ မီးသတ်ဆေးဘူးများ ကောင်း/ မကောင်း စစ်ဆေးနည်းနှင့် အသုံးပြုနည်းများအကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

**လက်တွေ့လေ့ကျင့်**

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလက်တွေ့သင်ကြားပေးခဲ့သည့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများကို အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများက သရုပ်ပြလက်တွေ့လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆဋ္ဌမနေ့ဆက်လက်ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၀

နှစ် (၈၀) ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် (၃၁) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းစစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂) စစ်တီးဝိုင်းအသင်းနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေး ကော်မတီမှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ပြည်သူများမီးဘေးအန္တရာယ်ကင်းဝေးနိုင်စေရန် လျှပ်စစ်ကြောင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးရုံးဌာနများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညီညီထွန်းနှင့် တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် စစ်ဆေးဆောင်ရွက်စဉ်။

**စည်သူမောင်မောင်(ပြန်/ဆက်)**



# သုံးခွမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် ဓာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ရုံးရှေ့၌ ပြုလုပ်သည်။



**အသိပညာပေးဟောပြော**

ဦးစွာမြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးဟန်က မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းများ၊ မီးငြိမ်းသတ်နည်းများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြသသည်။ ထို့နောက်မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းကို ဝန်ထမ်းများကိုယ်တိုင် လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

**❖ ကျောဖုံးမှ**

ချန်ပီယံလိဂ် (၁၆) သင်းအဆင့် ဝင်ခွင့်ရရှိရေး play-offs ပွဲစဉ်အဖြစ် ဘရက်စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ဒုတိယအကျော့ပွဲစဉ်မှာ ခုနစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်း ရလဒ် ၁၀ ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် နောက်တစ်ဆင့် တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ် (၁၆) သင်းအဆင့် ဝင်ခွင့်ရရှိရေး play-offs ပွဲစဉ်တွေမှာတော့ ဒေါ့မွန်အသင်းက စပို့တင်းအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-ဂိုးမရှိ၊ ပီအက်စ်ဗွီအသင်းက ဂျူဗင်တပ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ကာ နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (၁၇) ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ (၁၇) ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် ရုံးအမှတ် (၃၉) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ဦးစီးဌာန၊ လုပ်ငန်းနှင့် တက္ကသိုလ်တို့မှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်း၏ ထမနဲထိုးယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပြိုင်ပွဲတွင် ပထမဆုရရှိသော မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအသင်းကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က ဒုတိယဆုရရှိသော မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအသင်းကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တတိယဆုရရှိသော မြေတိုင်းဦးစီးဌာနအသင်းကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျန်အသင်းများအား နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့က မန္တလေးမြို့ရှိ ကြင်းတောယန် တရုတ်ဘုံကျောင်း၌ တရုတ်အစားအစာ ချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။



ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမန္တလေးမှ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကြင်းတောယန် တရုတ်ဘုံကျောင်းမှတာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Yunnan Economics Trade and Foreign Affairs College မှ သင်တန်းနည်းပြဆရာများ၊ မန္တလေးမြို့ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီးက တရုတ်အစားအစာ ချက်ပြုတ်နည်းသင်တန်း ဖွင့်လှစ်ပို့ချမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းသား သင်တန်းသူများအား တရုတ်အစားအစာချက်ပြုတ်နည်း သင်ကြားပို့ချနေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မန္တလေးမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွား လုပ်ငန်းရှင်များအား Y Mandalay Hotel ၌ တွေ့ဆုံပြီး ခရီးသွားလုပ်ငန်းသည် ကဏ္ဍစုံ၊ နယ်ပယ်စုံနှင့် ဆက်စပ်နေပြီး အားလုံးပူးပေါင်းဆောင်ရွက်ကြရသည့် လုပ်ငန်းတစ်ခုဖြစ်သောကြောင့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် အစိုးရ၊ လုပ်ငန်းရှင်နှင့် ပြည်သူများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားရာ တက်ရောက်လာကြသူများက သက်ဆိုင်ရာအလိုက် လုပ်ငန်း ဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**သတင်းစဉ်**

# ကျုံပျော်မြို့နယ်၌ ဆောင်းနေကြာစံပြကွက်ရိတ်သိမ်း

**ကျုံပျော် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုက ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် စိုက်ပျိုးထားရှိသည့် ဆီထွက်သီးနှံ ဆောင်းနေကြာ စံပြကွက်ရိတ်သိမ်းပွဲကို ကျုံပျော်မြို့နယ် အင်းမကျေးရွာ၌ ယနေ့နံနက် ၇ နာရီကပြုလုပ်သည်။

ရိတ်သိမ်းပွဲသို့ ကျုံပျော်ခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးမင်းနောင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမဦးစီးမှူး ဒေါ်လှဆန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းနိုင်ဦး နှင့် တောင်သူများ တက်ရောက်ကြပြီး နေကြာ ရေဆင်းစပ်မျိုး - ၁ စံပြကွက် ငါးဧကအား စုပေါင်းရိတ်သိမ်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပွင့်ဖြူမြို့နယ်၌ မျိုးစပါးများ ဖြန့်ဖြူး

**မကွေး ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေရယူ၍ ပွင့်ဖြူမြို့နယ်၊ မင်းဘူး(စကု)မြို့နယ်များ၌ စပါးများစိုက်ပျိုး၍ နှစ်စဉ်မျိုးစပါးများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစီမံကိန်း၌ စပါးများစိုက်ပျိုးရာတွင် ပေါ်ဆန်းရင်(ရွှေဘိုပေါ်ဆန်း)၊ ဧရာမင်း(ဧရာပဒေသာ)၊ ဆာဖိုးသာ၊ GW-11 ၊ ရက်-၁၀၀၊ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ပခန်းရွှေဝါ၊ ရွှေဆည်ရင်စပါးများကို လယ်ယာမြေဧက ၅၀၀ တွင် စိုက်ပျိုးခဲ့ပြီး ထွက်ရှိလာသည့် မျိုးစပါးတင်းပေါင်း ၃၃၅၀၀ အား မကွေး၊ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သို့ ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျွန်းစုမြို့၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တံ့ပြန်တိုက်ကျွေးခြင်းလုပ်ငန်း အသိပေးဆွေးနွေး

**ကျွန်းစု ဖေဖော်ဝါရီ ၂၀**

တနင်္သာရီတိုင်း ဒေသကြီး ကျွန်းစုမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ရောဂါကာကွယ်ဆေး (Oral Cholera Vaccine – OCV) တံ့ပြန်တိုက်ကျွေးခြင်းလုပ်ငန်း အသိပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ် ကျွန်းရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦးက



ပြင်းထန် ဝမ်းပျက်ဝမ်းလျှော ရောဂါကာကွယ်ဆေး တံ့ပြန်တိုက်ကျွေးခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ကျွန်းစုမြို့နယ်တွင် ပြီးခဲ့သည့်ခုနှစ်အတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ သံသယလူနာ ၁၁၃ ဦးနှင့် ပိုးတွေ့လူနာ သုံးဦး တွေ့ရှိခဲ့ရာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုများ သောနေရာများ၌ မတ်လ ဒုတိယအပတ်မှစတင်၍ အသက် တစ်နှစ်အထက် ကလေးနှင့် လူကြီး ၅၀၄၆၅ ဦးအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (OCV) တိုက်ကျွေးမည်ဖြစ်သည်။

အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (OCV)ကို တစ်ကြိမ်သောက်ခြင်းဖြင့် ရောဂါကူးစက်ခြင်းမှ ခြောက်လအထိ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး သောက်ပြီးသော်လည်း ရောဂါမကူးစက်စေရန် သန့်လေးသန့် (အစာသန့်၊ လက်သန့်၊ အိမ်သာသန့်၊ ရေသန့်) စသည့် အမူအကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းထားရန် လိုအပ်မည် ဖြစ်ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀၀ ထပ်မံလွှဲပြောင်းပေးအပ်



မြန်မာ-ထိုင်း-တရုတ် နိုင်ငံတို့မှ တာဝန်ရှိသူများ ထိုင်းနိုင်ငံ မဲဆောက်လေဆိပ်၌ တွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀၀ ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယ ရဲချုပ် ရဲဗိုလ်ချုပ် တင်ကိုကို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning၊ ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Narongchai Jindaphan နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင် လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

ယနေ့ လွှဲပြောင်းပေးခဲ့သည့် တရုတ်နိုင်ငံသားများကို ထိုင်းနိုင်ငံ မဲဆောက်လေဆိပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆက်လက်ပို့ဆောင်ရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး H. E. Mr. Phumtham Wechayachai၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး H. E. Mr. Liu Zhong Yiနှင့် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်တို့သည် စနစ်တကျဖြစ်စေရေး ကြပ်မတ်ကြည့်ရှုကြပြီး မီဒီယာများနှင့်တွေ့ဆုံကာ လွှဲပြောင်းလက်ခံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် မဲဆောက်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ဆုံပြီး သုံးနိုင်ငံ ကြိုတင်ညှိနှိုင်း ဆွေးနွေးမှုများကြောင့် ပထမအကြိမ် တရုတ်နိုင်ငံသား ၂၀၀ ကို အချိန်တိုအတွင်း လွှဲပြောင်းနိုင်မှု အခြေအနေ၊ တတိယနိုင်ငံသားများ ပြန်လည်လွှဲပြောင်းနိုင်ရေး သက်ဆိုင်ရာ သံရုံးများမှ လာရောက်ခေါ်ဆောင်နိုင်ရန် ထိုင်းနိုင်ငံမှ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေနှင့် သုံးနိုင်ငံအကြား လုပ်ငန်းစနစ်ထူထောင်မည့်ကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယနေ့ လွှဲပြောင်းပေးအပ်ခဲ့သည့် တရုတ်နိုင်ငံသားများ၏ ဖွင့်ဟဝန်ခံချက်များအရ အများစုသည် တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့လည်းကောင်း၊ ထိုမှတစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် မဲဆောက်မြို့သို့ ကနဦးရောက်ရှိကြပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်း (Telecom Fraud) ကိုယ်စားလှယ်များက ထိုင်း-မြန်မာ နယ်စပ်ရှိ သောင်ရင်းမြစ်အား တရားမဝင်ဖြတ်ကျော်ခေါ်ဆောင်ကာ မြဝတီ- KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတွင် ပါဝင်လုပ်ဆောင်ရန် စေခိုင်းခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ လက်နက်ကိုင်အဖွဲ့အချို့ လှုပ်ရှားနေထိုင်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် အခက်အခဲ၊ ကန့်သတ်ချက်များရှိခြင်းကို အခွင့်ကောင်းရယူကာ ကိုယ်ကျိုးစီးပွားရှာသူများက အွန်လိုင်းလောင်းကစားမှုများအပါအဝင် ဒုစရိုက်မှုများကို ကျူးလွန်နေကြခြင်းဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်မှုများ၏ အခြေခံလိုအပ်ချက်များကို တစ်ဖက်နိုင်ငံမှ တစ်ဆင့် ရယူခဲ့ကြခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအများစုကို ပြည်ပအဖွဲ့အစည်းများမှ လာရောက်ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား မဲဆောက်လေဆိပ်၌ တရုတ်နိုင်ငံသို့ပြန်လည်လွှဲပြောင်းပေးအပ်ပွဲတွင် တက်ရောက်ကြသူများကိုတွေ့ရစဉ်။



တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။



မြန်မာ-ထိုင်း-တရုတ် နိုင်ငံတို့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၁၀ ထပ်မံထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၁၀ ကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

**နေ့ချင်းပြီးဆောင်ရွက်**

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၇၆၃ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၆၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၀၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

**သတင်းစဉ်**





မြန်မာနိုင်ငံ အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



## ဟသ်ာတမြို့နယ်၌ မြေလှန်ခွဲကိရိယာ အသုံးပြုခြင်း လက်တွေ့သရုပ်ပြ

**ဟသ်ာတ ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကုန်းကြီးကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၅)စက်မှုလယ်ယာစခန်း ဟသ်ာတမြို့မှ(မြေလှန်ခွဲကိရိယာ) အသုံးပြုခြင်း လက်တွေ့သရုပ်ပြပွဲကို တောင်သူ ဦးဇော်လွင်ဦး၏ လယ်မြေတစ်ဧကပေါ်တွင် ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

အခမ်းအနားသို့ ဟသ်ာတခရိုင်နှင့် မြို့နယ်စိုက်ပိုးမြှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်းကြီးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြပြီး မြေလှန်ခွဲကိရိယာအသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အားသာချက်များအား အမှတ်(၂) အလတ်စားစက်ပြင်အလုပ်ရုံ စက်ရုံမှူးဦးဇော်လွင်ဦးက ရှင်းလင်းပြောကြားသည်။

အဆိုပါ မြေလှန်ခွဲကိရိယာ အသုံးပြုခြင်းဖြင့် သီးနှံပင်၏ အမြစ်များ မြေလွှာအောက်ခြေအထိ တိုးဝင်နိုင်စေခြင်း၊ မြေလွှာအနက်တစ်ပေမှ တစ်ပေခွဲခန့်အထိ ထွန်ယက်နိုင်သဖြင့် ရေစိမ့်ဝင်မှုအားကောင်းစေခြင်း၊ မြေလွှာသိပ်သည်းမှုကြောင့် သီးနှံအထွက်နှုန်းကျဆင်းမှုကို ဖြေရှင်းပေးပြီး အထွက်နှုန်းတိုးစေခြင်းနှင့် မြေလွှာအနက်တွင် ခိုအောင်းနေသော ပိုးမွှားများကို သေစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေနိုင်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးအောင်ကိုကိုတင်ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**မင်းလှ ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့က စိန်ကန့်လန့်ကျေးရွာ စိတ္တသုခဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက ယာယီ နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူး၊ ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ရေးအဖွဲ့ခေါင်းဆောင် ဦးလှရွှေနှင့် အဖွဲ့ဝင်များက အကြမ်းဖက်ဖြစ်စဉ်များကြောင့် မင်းလှမြို့နယ်အတွင်းနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာပြည်သူ ၅၆၂ ဦး အတွက် စုစုပေါင်းငွေကျပ် ၁၁၂၄၀၀၀၀ အား ဇန်နဝါရီလအတွက် ယာယီနေရပ်စွန့်ခွာပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းသို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ရောက်ရှိလာသူ



ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းစီ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်သည်။

**ထောက်ပံ့ငွေပေးအပ်**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တာဝန်ရှိသူများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရိန်အောင်တို့က ယာယီနေရပ်စွန့်ခွာလာသူ ၂၇၈ ဦးအား လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# အချိန်အခါမဟုတ် မိုးရွာနိုင်မည့်သတိပေးချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ၂၄-၂-၂၀၂၅ ရက်နေ့မှ ၂၇-၂-၂၀၂၅ ရက်နေ့အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

**၂၄-၂-၂၀၂၅ ရက်နေ့မှ ၂၇-၂-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြမော်ဒယ်မှခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**







# ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၁၂၂၄၅၊ ၀၂-၄၀၁၂၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

( တ ) ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆောင်ခါရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# ကန်ကြီးထောင့်မြို့နယ်၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မတ်လ၂ ရက်နေ့တွင် ကျရောက်မည့် (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ဝါးဒူးကျေးရွာတွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ယနေ့မွန်းလွဲ ၁ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က အခမ်းအနားကျင်းပရာ၌ စနစ်တကျဆောင်ရွက်နိုင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရန်၊ စားသောက်ဖွယ်ရာများအားစနစ်တကျဆောင်ရွက်ကြရန် အစရှိသည်တို့ကို ဆွေးနွေးပြောကြားပြီး အတွင်းရေးမှူး ရဲမှူးစိုးကြည်က အခမ်းအနားကျင်းပရာ၌ နယ်မြေလုံခြုံရေးနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**

■

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် စစ်ကိုင်းတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များအား တွေ့ဆုံ

## ရွှေ့ပြေးလူဦးရေစာရင်း ထုတ်ပြန်ပြီးစီးမှုနှင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့သည့် အချက်အလက်များ နှိုင်းယှဉ်သုံးသပ်ဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြား





**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် စစ်ကိုင်းတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့မှုနှင့် ယခုအခါ အဆိုပါစာရင်းများ၏ လူဦးရေ အချက်အလက်များ ပြည့်စုံမှန်ကန်ရေးအတွက် စိစစ်ဆောင်ရွက်နေမှု၊ အချက်အလက်များ ကွဲလွဲမှုနှင့် မပြည့်စုံမှု၊ အချက်အလက်များ ထပ်နေမှုနှင့် မပါရှိမှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်အဆင့်မှသည် ခရိုင်၊ တိုင်းဒေသကြီးစသည့် မြေပြင်ကွင်းဆင်း ကောက်ယူရေး ကြီးကြပ်မှု ကော်မတီဝင်များက အဆင့်ဆင့် စိစစ်အတည်ပြုဆောင်ရွက်၍ သတ်မှတ်ရက် အရောက် တင်ပြဆောင်ရွက်ရေး၊ ယခုအခါ ပြည်လုံးကျွတ်သန်းခေါင်စာရင်း၏ ရွှေ့ပြေးလူဦးရေစာရင်း ထုတ်ပြန်ပြီးစီးမှုနှင့် ယင်းအချက်အလက်များအား မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့သည့် အချက်အလက်များနှင့် နှိုင်းယှဉ် သုံးသပ်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့သည့် လူဦးရေစာရင်း အချက်အလက်များ ပြည့်စုံမှန်ကန်ရေးအတွက် စိစစ်ပြင်ဆင်အတည်ပြုဆောင်ရွက်နေမှုနှင့် သတ်မှတ်ရက်အရောက် တင်ပြဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက် အဆင့်(၃) လျာထားချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီဝင်များက လုပ်ငန်းကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးကြရာ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပေးအပ်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွက် လက်ငင်းဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဒေသအာဏာပိုင်များ၊ အခြားသော ဆက်စပ်ဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျရာတာဝန်များကို အောင်မြင်အောင်ကြိုးပမ်း ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ရုံးအဆောက်အအုံအခြေအနေနှင့် ရုံးဝင်းအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့နယ်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ် ထိန်းသိမ်းရေး ကွင်းဆင်းဆောင်ရွက်

**တောင်ငူ ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ် ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။

**ကွင်းဆင်းကြည့်ရှု**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် လေးကျွန်းမင်္ဂလာကန်တော်ကြီး ဘက်စုံအဆင့်မြှင့်တင်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး အများပြည်သူ အပန်းဖြေနိုင်ရန် ပန်းအလှပင်များ စိုက်ပျိုးသွားရန်၊ အရိပ်ရအပင်များအောက်တွင် ထိုင်ခုံများ ထပ်မံတပ်ဆင်ရန်၊ အတွင်းကန်ပတ်လမ်းအား ပြန်လည်ဖော်ထုတ်သွားရန်၊ ပန်းခြံအတွင်း မီးတိုင်များ ပြန်လည်စစ်ဆေးရန်နှင့် စိမ်းလန်းစိုပြည် သန့်ရှင်းသပ်ရပ်စေရေး စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။



ယင်းနောက် တောင်ငူမြို့ ထီးလှိုင်းလမ်းဘေး အများပြည်သူ အပန်းဖြေနေရာတစ်ခုအဖြစ် ဖော်ထုတ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ဒီဇိုင်းပုံစံအတိုင်း အပိုင်းလိုက် ဆောင်ရွက်သွားရန်နှင့် ယာဉ်ရပ်နားရန်နေရာအား မြေဖို့ခြင်းလုပ်ငန်း စတင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ ကေတုမတီရှေးဟောင်း မြောက်ဘက်မြို့ရိုး တူးဖော်ထားရှိမှုနှင့် မော်ကွန်းတံခါးပေါက် ပြန်လည်ဖော်ထုတ်မှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ခြင်းအားဖြင့် မျိုးဆက်သစ်လူငယ်များအား မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် မိမိတို့၏ သမိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထား ထိန်းသိမ်းတတ်စေရန် ဆောင်ရွက်ပေးရခြင်းဖြစ်၍ မြို့ရိုးတူးဖော်မှုနှင့်ပတ်သက်ပြီး တွေ့ရှိလာသည့် အထောက်အထားများအား စနစ်တကျမှတ်တမ်းတင်ထားရှိရန်၊ မော်ကွန်းတံခါးပေါက်နှင့် နန်းတော်ဟောင်းလမ်းအား ပြန်လည်ချိတ်ဆက်ရန်၊ ကျုံးအပြင်ဘက်နှင့် မော်ကွန်းတံခါးပေါက် ဆက်သွယ်ထားသည့် တံတားဟောင်းနေရာအား ပြန်လည်ဖော်ထုတ်ရန်နှင့် ကေတုမတီရှေးဟောင်းမြို့ရိုးနှင့် ကျုံးကြားတွင် နွံကျုံးရှိခဲ့သည့် အထောက်အထားများအရ ပြန်လည်ဖော်ထုတ်ခြင်းကို ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စမုံရေထိန်းတမံ ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

သာစည်မြို့နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စမုံရေထိန်းတမံအား ပြန်လည်ပြုပြင် တည်ဆောက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် တမံမြေဖို့ခြင်းလုပ်ငန်း၊ ရေစစ်သဲထည့်ခြင်းလုပ်ငန်း၊ တမံထိပ်ပြင်တွင် ရင်တားနံရံတည်ဆောက်ခြင်းလုပ်ငန်းနှင့် အကူရေပိုလွှဲအောက်ခံအုတ်မြစ်တွင် ကွန်ကရစ်ပိုင်တိုင် ရိုက်သွင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ကန်ရေမှတ်များ လျင်မြန်စွာ မြင့်တက်လာပြီး မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် ရေကြီးနှုန်းပမာဏထက် ကျော်လွန်လာသည့် အရေးပေါ်အခြေအနေတွင် ရေကျော်စီးထွက်စေမည့် အလျားပေ ၅၀၀ ရှိ အကူရေပိုလွှဲ (Fuse Plug Spillway) ထည့်သွင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တမံဖို့မြေ သတ်မှတ်ချက်ပြည့်မီသည့် မြေအမျိုးအစားဖြင့် စနစ်တကျ ဖို့ကြိတ်ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် ဆည်ရေသောက်စနစ်များကို သေချာစွာ စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေး မှာကြားသည်။

စမုံရေထိန်းတမံ ပြန်လည်ပြုပြင်ခြင်းဖြင့် စမုံချောင်း၏ ရေစီးရေလာကိုထိန်းညှိ၍ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များအတွင်းရှိ စိုက်ပျိုးမြေဧရိယာများကို စိုက်ပျိုးရေ ပေးသွင်းခြင်းနှင့် ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာများ၏ သောက်သုံးရေကန်များအား ရေဖြည့်တင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအတွင်း မြေအောက်တမံဆောင်ရွက်ရန် လျာထားသည့် နေရာရွေးချယ်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ သာစည်မြို့နယ် တောခင်းကျေးရွာအနီး ဆပ်ပြာချောင်းနေရာကို လည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ကျောက်ချပ်ကျေးရွာအနီး တမာကိုင်းချောင်းနေရာကို လည်းကောင်း၊ ရမည်းသင်းမြို့နယ် ခံဘူးကျေးရွာအနီး ဝက်သိုးချောင်းနေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ထပ်မံစူးစမ်းရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ခံဘူးကျေးရွာရှိ တောင်သူပိုင်စက်ရေတွင်းများမှ ဆိုလာစနစ်ဖြင့် ရေတင်၍ စိုက်ခင်းအတွင်း ရေသွင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပုသိမ်မြို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေး ကျောင်းသား ကျောင်းသူများ နှစ်ဆုံးစာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ တိုင်းဒေသကြီးပညာရေးမှူး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ပုသိမ်မြို့ပေါ်ရှိ အလယ်တန်း၊ အထက်တန်း ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံသည်။

**ပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အတန်းတင် စာမေးပွဲများ ကျင်းပလျက်ရှိပြီး မကြာမီတက္ကသိုလ်ဝင် စာမေးပွဲများ ကျင်းပတော့မည်ဖြစ်ရာ စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမှားအယွင်း မရှိအောင် အထူးဂရုပြု၍ အလေးထားကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်း၊ ခရိုင်၊ မြို့နယ်ပညာ ရေးမှူးများ၊ ကျောင်းအုပ်ကြီးများအနေဖြင့် စာမေးပွဲ ကာလအတွင်း ထူးခြားဖြစ်စဉ်များ ဖြစ်ပွားပါက သက်ဆိုင်ရာသို့ အဆင့်ဆင့် ချက်ချင်းတင်ပြရမည် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ နှစ်ဆုံးစာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ပုသိမ်ပညာရေးဒီဂရီကောလိပ်၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ဆရာ ဆရာမများ ဖြစ်လာပါက စေတနာကို အရင်းခံပြီး မိမိတို့၏ တပည့်များအပေါ်တွင် အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးနိုင်သော မြင့်မြတ်သည့် ဆရာများဖြစ်ရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံကာ တက္ကသိုလ်များတွင် စာမေးပွဲဖြေဆိုရာ၌ မေးခွန်းများ အမှားအယွင်း မရှိအောင် အထူးဂရုပြု၍ အလေးထားကြပ်မတ် ဆောင်ရွက်ရန်လိုကြောင်း၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များအနေဖြင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုနေစဉ်အတွင်း စာစစ်ဌာနများသို့ လှည့်လည်စစ်ဆေးခြင်းဖြင့် ကူညီဆောင်ရွက်ပေး ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပေါင်မြို့နယ် ကော့ထော်ကျေးရွာ၌ "အလင်းပြ" စာကြည့်တိုက် ဖွင့်လှစ်

**ပေါင် ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ် ပေါင်မြို့နယ် ကော့ထော်ကျေးရွာ၌ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ၏ မတည်လှူဒါန်းမှုနှင့် ကျေးရွာနေပြည်သူများ စုပေါင်းလှူဒါန်းမှုတို့ဖြင့် တည်ဆောက်ထားသည့် "အလင်းပြ" စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ ပြည်နယ်အစိုးရ အဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်တို့က "အလင်းပြ" စာကြည့်တိုက်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ စာကြည့်တိုက်အတွင်း သုတ၊ ရသ စာအုပ် စာစောင်များအား လေ့လာ ဖတ်ရှုနေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ချုပ်က အမှာစကားပြောကြား သည်။

ယင်းနောက် "အလင်းပြ" စာကြည့်တိုက်အတွက် အလှူရှင် များက အလှူငွေများနှင့် စာအုပ် များ ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက် သည့် အချက်အလက်များကို ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးညွန့်နိုင်က လွှဲပြောင်း ပေးအပ်ရာ စာကြည့်တိုက် တာဝန်ခံ တစ်ဦးက လက်ခံရယူသည်။

အဆိုပါ "အလင်းပြ" စာကြည့် တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက် များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်း ဆောင်ရွက်မှုကော်မတီက မတည် လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ နှင့်ကော့ထော်ကျေးရွာစေတနာရှင် အလှူရှင်များက လှူဒါန်းငွေကျပ် ၁၂၉ သိန်း စုစုပေါင်းငွေကျပ် ၂၇၉ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

**သတင်းထုတ်ပြန်ထား**

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပြည်သူ့ စစ်မှုထမ်း ဥပဒေဆိုင်ရာများ သိရှိနားလည်စေရန်၊ ပြည်သူ လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင် ပံ့ပိုးကူညီ ဆောင်ရွက်နိုင်စေရန်၊ လူမှုကွန်ရက် မီဒီယာများနှင့် တရားမဝင် သတင်းဌာနများက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သတင်းမှားများကို အယုံလွယ် လမ်းမှား မရောက်ရှိစေရေး တရားဝင် သတင်းဌာနများ၏ ထုတ်ပြန်ချက်များကိုသာ လေ့လာ နိုင်ရေး အသိပညာပေးဆောင်ရွက် ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း ရန် မသင့်လျော်သူများကိုလည်း အကြောင်းမဲ့သက်သက် ခေါ်ယူ ခြင်းမရှိကြောင်း၊ ယခုကာလတွင် လည်း အမျိုးသမီးများကို ပြည်သူ့ စစ်မှုထမ်းခေါ်ယူရန် မရှိသေး ကြောင်းကို သတင်းထုတ်ပြန်ထား ရှိပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သူများအား ဆင့်ခေါ် ခြင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်း များသို့ စေလွှတ်ခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေး ကောက်ခံခြင်း၊ ရယူခြင်းများ ပြုလုပ်သဖြင့် မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်လျက်ရှိရာ တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ် ဆောင်ရွက်ရန် လိုကြောင်း ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာ ကြသူများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**



❂ **MNL မှ**

အဖွင့်ဂိုးစောစီးစွာရခဲ့သည့် သစ္စာအားမာန် အသင်းသည် ပွဲကိုစိုးမိုးသွားပြီး ၂၁ မိနစ် တွင် လင်းထက်ဦး၊ ၃၃ မိနစ်တွင် ရှိုင်းဝဏ္ဏ အောင်တို့က ဂိုးများထပ်မံသွင်းယူကာ ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ်ဦးဆောင် နေသည်။

**ဂိုးပြတ်အနိုင်ရ**

ဒုတိယပိုင်းတွင်လည်း သစ္စာအားမာန် အသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၅၃ မိနစ်တွင် မင်းမော်ဦး၊ ၇၃ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်တို့က အနိုင်ဂိုးများ ထပ်မံ သွင်းယူခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို သစ္စာအားမာန်အသင်းမှ ရှိုင်းဝဏ္ဏအောင် က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၉ မှတ်၊ သစ္စာအားမာန်အသင်းက ၂၃ မှတ် ရရှိ ထားသည်။

ပွဲစဉ်(၂၁) ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဟံသာဝတီယူနိုက်တက် အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ကိုညီလေး**

# မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)သို့ တက်ရောက် ဆွေးနွေးခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

စားသောက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ထွန်းလာစေရေး၊ စားသောက်ကုန်ထုတ်လုပ်ငန်း ကွင်းဆက်တစ်လျှောက် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေပြီး သွင်းကုန်အစားထိုးထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစီအမံသစ်များဖော်ဆောင်ပေးနိုင်ရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ ရှင်းလင်းလွယ်ကူစေရေးနှင့် နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၀ ရက် အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပခဲ့သည်။

အဆိုပါ ဖိုရမ်တွင် စားသောက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို စားသောက်ကုန်နှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက ဆွေးနွေးအဖြေရှာ ဆောင်ရွက်ခဲ့ကြရာ ၎င်းတို့နှင့် တွေ့ဆုံ၍ ဆွေးနွေးခြင်းရလဒ်မှတစ်ဆင့် မြန်မာ့စားသောက်ကုန်ကဏ္ဍ တိုးတက်မြင့်မားလာစေမည့် အခြေအနေများကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါသည်။


ဒေါက်တာမြင့်စိန်


ဒေါ်ခိုင်ခိုင်ဇံ



ဦးရဲမြင့်မောင်

**ဒေါက်တာမြင့်စိန်**

**(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်း)**

ဒီဖိုရမ်ဖွင့်ပွဲမှာကတည်းက တက်ရောက်ကြတဲ့ သူတွေများစွာနဲ့ အတော်လေး စည်ကားသိုက်မြိုက်ခဲ့ပါတယ်။ ပြခန်းတွေမှာ လာရောက်ပြသတဲ့သူတွေကလည်း သူတို့ထုတ်ကုန်အားလုံးကို သေချာစွာပြသနိုင်တဲ့ အနေအထားဖြစ်အောင် ဆောင်ရွက်ထားကြပါတယ်။ လာရောက်လေ့လာကြသူတွေကလည်း စိတ်ဝင်တစားနဲ့ အသေးစိတ် လာရောက်လေ့လာကြတဲ့အတွက် အကျိုးရှိပါတယ်။ အတော်ကို အောင်မြင်ခဲ့တဲ့ ဖိုရမ်ကြီးလည်းဖြစ်ပါတယ်။ ဖိုရမ်အလိုက် ဆွေးနွေးမှုတွေကလည်း နောင်မျိုးဆက်သစ်တွေအတွက် တန်ဖိုးရှိတဲ့ အသိအမြင်တွေ ရရှိသွားစေပါတယ်။ နောက်ပြီး ဒီဖိုရမ်မှာ ငါးနဲ့ ပတ်သက်တဲ့ ကဏ္ဍတွေပါဝင်လာပြီ။ ငါးကထွက်တဲ့ ထွက်ကုန်တွေလည်း အများကြီးရှိပါတယ်။ ဒီထွက်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်ကုန်တွေအဖြစ် ဆောင်ရွက်နေကြတာကိုလည်း တွေ့ခဲ့ရပါတယ်။ ဒီလိုဖိုရမ်တွေ ပြုလုပ်ပေးခြင်းနဲ့ ပြပွဲ၊ ပြိုင်ပွဲတွေ ပြုလုပ်ပေးခြင်းဟာ အများကြီး အကျိုးရှိစေပါတယ်။ ကျင်းပပေးတဲ့ တာဝန်ရှိသူတွေရော လာရောက်ဆောင်ရွက်ပေးတဲ့ စားသောက်ကုန်အသင်းတွေအားလုံးကိုပါ အထူးကျေးဇူးတင်ရှိပါတယ်။

**ဒေါ်ခိုင်ခိုင်ဇံ(ညွှန်ကြားရေးမှူး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန)**

ကျွန်မတို့အနေနဲ့ဖိုရမ်မှာ အထွေထွေစားသောက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်အောက်မှာရှိတဲ့ စားသောက်ကုန် အသေးစားလုပ်ငန်းများ မှတ်ပုံတင်ထားရှိမှုအခြေအနေနဲ့ MSME များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု အခြေအနေတွေကို ဆွေးနွေးတင်ပြခဲ့ပါတယ်။ ကျွန်မတို့ဌာနအနေနဲ့ စားသောက်ကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းစေဖို့အတွက် နည်းပညာလွှဲပြောင်းမှုနဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းတွေကို ပို့ချပေးပါတယ်။ Incubation Centre တွေမှာ စွန့်ဦးတီထွင်လုပ်ငန်းတွေကိုလည်း လေ့ကျင့်ပေးပြီး ထုတ်ကုန်အမယ်သစ်တွေ ပေါ်ထွန်းလာရေးအတွက် Research နဲ့ Innovation တွေလည်း ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် ကျေးလက်နေမိသားစုဝင်တွေ ဝင်ငွေတိုးစေဖို့အတွက် စီမံကိန်းတွေ ဆောင်ရွက်ပေးပါတယ်။ စားသုံးသူတွေ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်ခွဲစမ်းသပ်ပေးတဲ့အပြင် စက်ပစ္စည်းကိရိယာတွေကိုလည်း တီထွင်ထုတ်လုပ်ပေးပါတယ်။ နည်းပညာဆိုင်ရာတွေကိုလည်း အကြံဉာဏ်ပေးပြီး ဥပဒေနဲ့အညီ စနစ်တကျ မှတ်ပုံတင်ပေးပါတယ်။ ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာဖို့အတွက်လည်း ဆောင်ရွက်ပေးပါတယ်။

အသေးစားကုန်ထုတ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်ဖက်တစ်လမ်းကနေ တာဝန်ယူဆောင်ရွက်နေပါတယ်။ နောက်ပြီး လုပ်ငန်းဆောင်ရွက်ဖို့လိုအပ်တဲ့ နည်းပညာတွေ၊ သင်တန်းတွေလည်း ပေးပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှာဆိုရင် ကျေးလက်နေ မိသားစုဝင်ငွေတိုး စီမံကိန်းအစီအစဉ်မှာဆိုရင် သင်တန်းအရေအတွက် အကြိမ် ၄၀ ပို့ချခဲ့ပါတယ်။ သင်တန်းသား ၆၀၀ တက်ရောက်ခဲ့ပြီး လုပ်ငန်းရှင် ၂၀၀ တက်ရောက်ခဲ့ပါတယ်။ ဒီလိုသင်တန်းအမျိုးအစား အကြောင်းတွေကို ဖိုရမ်မှာ ဆွေးနွေးခဲ့ပါတယ်။ နောက်ပြီး ဌာနမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းအမျိုးအစားတွေကိုလည်း ပြည်သူတွေ သိရှိစေဖို့ ဆွေးနွေးတင်ပြခဲ့ပါတယ်။ အခုဖိုရမ်ကျင်းပပေးတာဟာ အကျိုးကျေးဇူးများစွာရှိပြီး အလွန်ကောင်းမွန်ပါတယ်။ လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ အားသာချက်၊ အားနည်းချက်နဲ့ စိန်ခေါ်မှုတွေရှိပါတယ်။ ဒီလိုအားနည်းချက်တွေကို ပြန်လည်ဖြည့်စွက်ဆောင်ရွက်ပေးမယ်ဆိုရင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနဲ့ မြို့ပြနဲ့ ကျေးလက်ဒေသတွေမှာ ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဆောင်ရွက်နိုင်မယ်ဆိုတာ ယုံကြည်ပါတယ်။

**ဦးရဲမြင့်မောင်(ဒုတိယဥက္ကဋ္ဌ-မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း)**

ဒီလိုဖိုရမ်ကျင်းပခြင်းဟာ ကျွန်တော်တို့စားသောက်ကုန်အသင်းအနေနဲ့ အိပ်မက်တစ်ခုဖြစ်ပါတယ်။ ဒီလိုဖိုရမ်ကို ကျွန်တော်တို့ လုပ်ငန်းရှင်တွေရဲ့ အခက်အခဲတွေ၊ စားသုံးသူတွေရဲ့ အခက်အခဲတွေကို ဖော်ထုတ်ပြီး အစိုးရနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်တာတွေကို ကျော်လွှားမယ်၊ အားကောင်းပြီးသားကဏ္ဍတွေမှာ ဒီထက်ပိုမိုအားကောင်းအောင် ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပရခြင်းဖြစ်ပါတယ်။ နောက်ပြီး အန္တရာယ်ကင်းရှင်းတဲ့ စားသောက်ကုန်တွေကို ပြည်တွင်းမှာဖူလုံစွာ ပိုမိုထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရင် နိုင်ငံခြားကို ပိုမိုတင်ပို့နိုင်ပြီး ပြည်ပဝင်ငွေပိုမိုရရှိရေး၊ MSME လုပ်ငန်းတွေကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့လည်း ဖိုရမ်ကို ကျင်းပရခြင်းဖြစ်ပါတယ်။

ဒီဖိုရမ်ရဲ့ ဆွေးနွေးပွဲကရရှိလာတဲ့ ရလဒ်တွေကို အစိုးရနဲ့ပုဂ္ဂလိကပေါင်းစပ်ညှိနှိုင်းပြီး ပြည်သူလူထုတွေရဲ့ စားဝတ်နေရေးပြေလည်စေဖို့၊ လုပ်ငန်းတွေအောင်မြင်စေဖို့၊ နိုင်ငံရဲ့ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်စေဖို့အတွက် ရည်ရွယ်အသုံးချသွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ဖိုရမ်မှာ သူတို့ရဲ့အခက်အခဲတွေကို ပြောပြခွင့်ရမယ်။ ကဏ္ဍအလိုက် တင်ပြခွင့်ရပါမယ်။ ဒါတွေကို ကျွန်တော်တို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနဲ့ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတွေက သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်တွေကိုတင်ပြပြီး တော်တော်များများကို ပြေလည်အောင် ဖြေရှင်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ နောက်နှစ်တွေမှာ ဖိုရမ်မဟုတ်တော့ဘဲ ညီလာခံအထိ ကျင်းပနိုင်ဖို့ ကြိုးစားပါ့မယ်။ နောက်ပြီး နိုင်ငံတော်ကချမှတ်ထားတဲ့ ပို့ကုန်နှစ်ဆတိုးမြှင့်ကြဆိုတဲ့ကဏ္ဍမှာလည်း မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူတွေရော၊ ထုတ်လုပ်သူတွေရော နိုင်ငံခြားဝင်ငွေ ပိုမိုရရှိအောင် ပိုမိုထုတ်လုပ်လာနိုင်လိမ့်မယ်လို့လည်း ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။

**တွေ့ဆုံမေးမြန်း - အောင်ရဲသွင်၊ အေးအေးသန့်**

**ဓာတ်ပုံ - ကိုအေးသန်း**

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့် ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆) ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများ အနေဖြင့် Fixed Capital အနည်းဆုံး ၃၀% နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၃%၊ Working Capital ၁၀၀% အသုံးပြုမည့် ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance-CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၅ % တို့ဖြင့် ချေးငွေများ လျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## အခြေခံသမဝါယမအသင်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းသည် ပုသိမ်ကြီးမြို့နယ် သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၁၀ နာရီက အခြေခံသမဝါယမအသင်း အမှုဆောင်များနှင့် တွေ့ဆုံ၍ သမဝါယမလုပ်ငန်းများအကြောင်း ဆွေးနွေးသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးသည် သမဝါယမဦးစီးဌာနအနေဖြင့် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နွေစပါး၊ မိုးစပါး၊ ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ ဝါ၊ နေကြာများ စိုက်ပျိုးရန်ကိစ္စရပ်များ၊




အခြေခံသမဝါယမအသင်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသင်းများဖွဲ့စည်းမှု မှန်ကန်စေရေးတို့ကို ဆွေးနွေးပြောကြားရာ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များနှင့် အခြေခံသမဝါယမအသင်း ၃၉ သင်းမှ အသင်းအမှုဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် စာအောင်ဆုနှင်းသဘင် အခမ်းအနားသို့ တက်ရောက်

**ထားဝယ် ဖေဖော်ဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး ကျင်းပသည့် ၂၀၂၄ ခုနှစ် စာအောင်ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်မြို့ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။




ဆက်လက်၍ မြိတ်စာဖြေဌာနမှ အောင်မြင်တော်မူသည့် ဓမ္မာစရိယ(ကျမ်းပြီး) ငါးပါး၊ ထားဝယ်စာဖြေဌာနမှ အောင်မြင်တော်မူသည့် ဓမ္မာစရိယ (ကျမ်းပြီး) တစ်ပါး၊ နိကာယ်အုပ်စုတစ်ကျမ်းပြီး နှစ်ပါး၊ အုပ်စု(၄)ကျမ်းပြီး တစ်ပါး၊ ပထမကြီးတန်းတစ်ပါး၊ ပထမလတ်တန်းနှစ်ပါး၊ ပထမငယ်တန်း ခုနစ်ပါး၊ အခြေပြု မူလတန်း ၃၅ ပါး၊ အဘိဓမ္မာအထူးအောင် လူပုဂ္ဂိုလ်နှစ်ဦး၊ ဂုဏ်ထူးဆောင် လူပုဂ္ဂိုလ်နှစ်ဦးတို့အား အောင်လက်မှတ်၊ စာအောင်ဆုနှင့် အလှူငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပြီး ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ (ကူးတို့ဂိုဏ်း)ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ကြီးထံမှ လှူဒါန်းမှုအစုစုတို့အတွက် သာဓုအနုမောဒနာတရား နာယူကြည်ညိုကြသည်။

အလားတူပင် မြိတ်စာဖြေဌာနမှ အောင်မြင်တော်မူသည့် ပထမကြီးတန်းလေးပါး၊ ပထမလတ်တန်း ငါးပါး၊ ပထမငယ်တန်း အပါး ၃၀၊ အခြေပြု မူလတန်း ၁၁၇ ပါးနှင့် အဘိဓမ္မာ ဂုဏ်ထူးအောင် လူပုဂ္ဂိုလ်တစ်ဦး အပါအဝင် စုစုပေါင်း ၁၆၂ ပါး/ဦးတို့အား လည်းကောင်း၊ ကော့သောင်းစာဖြေဌာနမှ အောင်မြင်တော်မူသည့် ပထမကြီးတန်း တစ်ပါး၊ ပထမလတ်တန်း တစ်ပါး၊ ပထမငယ်တန်း ငါးပါး၊ အခြေပြု မူလတန်း ၁၆ ပါး စုစုပေါင်း ၂၃ ပါးတို့အား လည်းကောင်း အောင်လက်မှတ်နှင့် စာအောင်ဆုနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အစိုးရပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲတို့တွင် အောင်မြင်ခဲ့ကြသည့် စာအောင်သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုအလှူငွေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အစိုးရ ပါဠိပထမပြန်နှင့် နိကာယ် စာမေးပွဲတို့တွင် အောင်မြင်ခဲ့ကြသည့် စာအောင် သံဃာတော်များနှင့် သာသနာနွယ်ဝင် သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆု၊ အလှူငွေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်ကြီး၏ ဗုဒ္ဓသာသနာ့ဗိမာန်တော်၌ ပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တလာသန အမှူးပြုသော သံဃာတော်များနှင့် သာသနာနွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်နှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှည်းဘီးပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး စာအောင် သံဃာတော်များနှင့် သာသနာနွယ်ဝင် သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းပြည်သူများက ကြွရောက်တော်မူကြသော သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင် စုစုပေါင်း ၁၆၆ ပါးတို့အား ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့်ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၅ | ၃၃၂၅ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၆၅ | ၃၂၈၅ | ၄၅၀၅ | ၃၅၈၀ | ၃၃၀၀ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၀ | ၃၆၁၅ |
| 95 Ron | ၃၂၇၀ | ၃၃၈၅ | ၃၃၅၀ | ၃၂၈၅ | ၃၃၉၀ | ၃၄၀၅ | ၃၄၂၅ | ၃၃၄၀ | ၄၅၆၀ | ၃၆၃၅ | ၃၃၆၀ | ၃၃၆၀ | ၃၄၃၀ | ၃၃၉၅ | ၃၄၂၀ | ၃၆၇၅ |
| HSD (500 ppm) | ၂၇၆၅ | ၂၈၈၀ | ၂၈၄၅ | ၂၇၈၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၂၀ | ၂၈၃၅ | - | ၃၁၃၀ | ၂၈၅၅ | ၂၈၅၅ | ၂၉၂၅ | ၂၈၉၀ | ၂၉၁၀ | ၃၁၇၀ |
| HSD (50 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | ၄၈၃၀ | ၃၇၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၅၀ | ၃၅၇၀ | ၃၈၂၅ |
| HSD (10 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | - | ၃၇၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၅၀ | ၃၅၇၀ | ၃၈၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၃၈ | ၃၁၃၂ |
| 95 Ron | ၃၀၉၄ | ၃၁၈၉ |
| HSD (500 ppm) | ၂၆၀၄ | ၂၆၈၅ |
| HSD (50 ppm) | ၃၂၄၁ | ၃၃၃၆ |
| HSD (10 ppm) | ၃၂၄၁ | ၃၃၃၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ○ နီပေါနိုင်ငံမှ

ဒုတိယနေ့တွင် မြန်မာအသင်းက ကာဂျစ္စတန်အသင်းကို ငါးဂိုးပြတ်၊ အိမ်ရှင်နီပေါအသင်းက လက်ဘနွန်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများစွာ ပြုလုပ်ခဲ့သော်လည်း ကာဂျစ္စတန်ကို ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအသင်း ပွဲထွက်လူစာရင်းတွင် ဇူးလတ်နဒီ (ဂိုး)၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ စန္ဒာလင်း၊ မေထက်လူ၊ လင်းလဲ့ဦး၊ ယဉ်လွန်းအိမ်၊ သန်းသန်းနွယ်၊ မြတ်နိုးခင်၊ ယွန်းဝတီလှိုင်၊ ခင်မျိုးသန္တာထွန်းတို့ကို အသုံးပြုခဲ့သည်။ ပွဲအစ နှစ်မိနစ်တွင် ယွန်းဝတီလှိုင်က မြန်မာအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး မြန်မာအသင်းက ဆက်တိုက်ဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၃၀ တွင် စန္ဒာလင်း၊ ၃၆ မိနစ်တွင် မေထက်လူ၊ ၄၁ မိနစ်တွင် ယွန်းဝတီလှိုင်တို့က သွင်းယူကာ ပထမပိုင်းအပြီးတွင် လေးဂိုးပြတ်အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများပြောင်းလဲခဲ့သော်လည်း ပွဲကိုစိုးမိုးထားပြီး ၄၉ မိနစ်တွင် မေထက်လူက နောက်ဆုံးအနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲ အတွက် အကောင်းဆုံးဆုကို နှစ်ဂိုးသွင်းယူခဲ့သည့် ယွန်းဝတီလှိုင်က ရရှိသည်။

ဒုတိယနေ့အပြီးတွင် မြန်မာအသင်းနှင့် အိမ်ရှင်နီပေါအသင်းတို့က နှစ်ပွဲစလုံး အနိုင်ရကာ ရမှတ်ခြောက်မှတ်စီဖြင့် ဗိုလ်လုပွဲတက်ရန် သေချာသွားပြီး လက်ဘနွန်အသင်းနှင့် ကာဂျစ္စတန်အသင်းမှာမူ နှစ်ပွဲစလုံး ရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် အိမ်ရှင်နီပေါအသင်းနှင့် ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ လေးသင်းပတ်လည်ကစားပြီး အမှတ်အများဆုံး နှစ်သင်း ဗိုလ်လုပွဲ ပြန်လည်ကစားရမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–ANFA**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အင်္ဂပူမြို့နယ်၌ ကျင်းပသည့် (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားတက်ရောက်

**ပုသိမ် ဖေဖော်ဝါရီ ၂၀**

ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အားကစားခန်းမတွင် (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ သဘာပတိကြီးက မင်္ဂလာမောင်းသုံးချက်တီး၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မိန့်ခွန်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့လာသည့် ချင်းအမျိုးသားနေ့သဝဏ်လွှာအား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြားသည်။ ထို့နောက် ရောဝတီတိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ချင်းအမျိုးသားနေ့ကျင်းပရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ချင်းတိုင်းရင်းသူတစ်ဦးက အခမ်းအနားတွင် ဆင်ယင်ပြသထားသည့် ပစ္စည်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ရောဝတီတိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့်ယဉ်ကျေးမှုအသင်း အတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ရောဝတီတိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းက ချင်းရိုးရာဝါးညှပ်အကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့မိတ်ဆုံစားပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားများနှင့် ရင်းနှီးနွေးထွေးစွာ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




# "ငြိမ်းချမ်းဝေစည် တို့မြန်ပြည်" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို အပတ်စဉ် သောကြာနေ့ ညတိုင်း ဆန်းသစ်တင်ဆက်လျက်ရှိရာ မတ်လ ၂ ရက်နေ့တွင်ရောက်ရှိမည့်တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "ငြိမ်းချမ်းဝေစည် တို့မြန်ပြည်"တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ၂၁ရက် (သောကြာနေ့) ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် တေးသံရှင်များ ဖြစ်ကြသည့် ဒုံချပ်၊ မင်းသားလေး၊ ရဲဝင့်လှိုင်၊ တေဇာဝင်း၊ မေထူးကျော်၊ အိအိလှိုင်၊ နှင်းဝတ်ရည်၊ မို့မို့ကျော်လွင်၊ ထွန်းပပအောင်နှင့် သဒ္ဒါနန်းထိုက်တို့က ကျေးလက်၏ သာယာလှပပုံ၊ ကျေးလက်၏ ရိုးရာဓလေ့နှင့် ရိုးသားပွင့်လင်းပုံ၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလက်မှုထုတ်ကုန်များ တိုးတက်လုပ်ဆောင်နိုင်ပုံစသည့် ကျေးလက်ရနံ့ ပေါ်လွင်စေသော တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။




ယင်းအစီအစဉ်ကို MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live)ရိုက်ကူးထုတ်လွှင့် ပြသမည်ဖြစ်ပြီး MRTV App ၏ Entertainment Sectorနှင့် MRTV Telegram တို့မှလည်း လွှင့်တင်မည်ဖြစ်၍ တစ်ချိန်တည်းဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဖေဖော်ဝါရီ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည် ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းမြို့နယ်၌ ကုလားပဲကေ ၂၆၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ကုလားပဲသီးနှံစိုက်ပျိုးရာသီ ယခင်နှစ်တွင် ၂၆၉၀၉ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ၂၆၉၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

" ဒေသနှင့်ကိုက်ညီသောအထွက်ကောင်းမျိုးများပြောင်းလဲသုံးစွဲနိုင်ရေး၊ စိုက်စနစ် မှန်ကန်ရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်စေရန်အတွက် ကွင်းဝန်ထမ်းများမှတစ်ဆင့် နည်းပညာပေးလျက်ရှိပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောသည်။

"ကုလားပဲသီးနှံကို စပါးအပြီးလယ်သီးထပ်အနေနဲ့လည်းစိုက်ပျိုးကြပါတယ်။ ဒီနှစ်က စိုက်ချိန်ကလည်း ရာသီအစိုဓာတ်မိသွားတော့ ကုလားပဲခင်းတွေအလားလာ ကောင်းပါတယ်၊ ဖူးပန်းဝင်ချိန်အပင်ပြုစုနည်းတွေနဲ့ ပိုးမွှားရောဂါကြိုတင်ကာကွယ်နည်းတွေ ၊ မျိုးစေ့မချမီ မျိုးစေ့စီရင်နည်းစနစ်တွေပါ ဆက်တိုက်ပညာပေးခဲ့ပါတယ်"ဟု ကွင်းတာဝန်ခံတစ်ဦးက ပြောသည်။

ကုလားပဲသီးနှံကို ကျေးရွာအုပ်စု(၆၅)အုပ်စုတွင် စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ်ကာလတူ စိုက်ဧကထပ်ပိုတိုးလာကြောင်းသိရသည်။ **ဇော်မြင့်နိုင်(ပြန်/ဆက်)**

# မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

**မကွေး ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျောက်ဆောက်ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက် မီဒီယာများက သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယင်းရက်တွင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအနီးသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း မည်သည့်မီးလောင်ပျက်စီးမှု မရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် နယ်မြေလုံခြုံရေး ဆောင်ရွက်ရာ နေရာများတွင် နေအိမ်များ မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် သတင်းတု၊ သတင်းအမှားများဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၂-၂-၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၈) တွင် သူငယ်ချင်း အချင်းချင်း ကိုယ်ချင်းစာစိတ်ဖြင့် ပေါင်းသင်းဆက်ဆံတတ်ရမည်ဖြစ်ကြောင်း သရုပ်ဖော်ထားသည့် "စာနာစိတ်" မျက်နှာဖုံးကာတွန်း၊ အသက်အရွယ်မရွေး ကူးစက်ခံရနိုင်သည့် အနာကြီးရောဂါအကြောင်း ရေးသားထားသည့် "အနာကြီးရောဂါ (Leprosy)" သုတဆောင်းပါး ကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ တစ်ဦးဒုက္ခရောက်လျှင် တစ်ဦးက ကူညီခြင်းသည် ကောင်းသော အပြုအမူဖြစ်ကြောင်းကို သရုပ်ဖော်ထားသည့် "ပုပု ပါဝင်သည့်ကူညီရမယ်" နှစ်မျက်နှာကာတွန်း၊ မြနှင်းတို့ သူငယ်ချင်း ငါးယောက်သည် လက်ပံပွင့်ကောက်သွားကြရာက လက်ပံပင်အောက်တွင် "လက်ပံပွင့်ကောက် အရောက်လာမယ်"သီချင်းဖြင့် တေးသရုပ်ဖော် ကဖြစ်ကြပုံအကြောင်း ရေးဖွဲ့ထားသည့် "လက်ပံပင်အောက်မှာ ကကြစို့" ဝတ္ထုကဏ္ဍ၊ အမေးအဖြေ အလွန်တူသော မြဂျိုးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးအကြောင်း ဟာသဖြစ်ဖွယ် သရုပ်ဖော်ထားသည့် "မြဂျိုးနှင့် သူ့အတွေး" တစ်မျက်နှာကာတွန်း၊ အညာဒေသ နွေဦးအချိန်ခါ




သဘာဝအလှတရားများအကြောင်း ရေးဖွဲ့ထားသည့် ဆရာကိုကျော်စွာ (ကျိုက်ပိ)၏ "အညာနွေပန်းချီ" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ဆေးရောင်ခြယ်ကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## Myanma Shipyards–AMECC Joint Venture Co., Ltd ၏ အစုရှယ်ယာလွှဲပြောင်းချခြင်းအကြောင်း အများသိစေရန် ကြေညာခြင်း

Myanma Shipyards–AMECC Joint Venture Co., Ltd ၏ အစုရှယ်ယာရှင်ယာရှင်များဖြစ်ကြသည့် မြန်မာ့သင်္ဘောကျင်း လုပ်ငန်းမှ ပိုင်ဆိုင်သော အစုရှယ်ယာ(၈၉၅၀၀၀)စု၊ တန်ဖိုးအမေရိကန်ဒေါ်လာ (၈၉.၅) သန်းအား အစုရှယ်ယာ (၂၁၅၅၃၀)စု၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၂၁.၅၅)သန်းသို့ လည်းကောင်း၊ Dong A Shipbuilding Industry JSC မှ ပိုင်ဆိုင်သော အစုရှယ်ယာ (၂၁၈၅၀)စု၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၂.၁၈၅) သန်းအား အစုရှယ်ယာ (၁၅၅၅၂)စု၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၁.၅၅၅) သန်းသို့ ပြောင်းလဲလျှော့ချခြင်းအား ကမာရွတ်ခရိုင်တရားရုံးမှ ၁၀-၂-၂၀၂၅ ရက်နေ့တွင် ချမှတ်ခဲ့သည့် တရားရုံးဆုံးဖြတ်ချက်အမိန့်အရ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Myanma Shipyards–AMECC Joint Venture Co., Ltd**

## "လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ ပထမထပ်၊ အမှတ်(၄၅၊ ခ)တွင် တည်ရှိသော Bahadur Group Company Limited **[ရဲရင့်ခြင်း ဂရု(ပ်) ကုမ္ပဏီလီမိတက်] (ကုမ္ပဏီမှတ်ပုံတင်အမှတ်–132062331)**သည် အောက်တွင်ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် **(မှတ်ပုံတင်စာချုပ် အမှတ် – ၈၈၆၊ ၄၊ ၇၀၃၁)** ဖြင့် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ် မူပိုင်ရှင်ဖြစ်ပါသည်–




**မှတ်ပုံတင်စာချုပ်အမှတ် (၈၈၆၊ ၄၊ ၇၀၃၁)**
**နေ့စွဲ (၃-၂-၂၀၂၅)**

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အနောက်တိုင်းဝတ်စုံများအား ချုပ်လုပ်ပေးခြင်း၊ ချုပ်လုပ်ပြီးသား အသင့်ဝတ်များအား ရောင်းချခြင်းအစရှိသည့် လုပ်ငန်းအမျိုးမျိုးတို့အား လုပ်ကိုင်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပခြင်း၊ မရိုးဖြောင့်သော သဘောအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊ အထက်ဖော်ပြပါ အမှတ်တံဆိပ် ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ အမည်စာသားပုံစံတူအသုံးပြုခြင်း၊ တစ်စိတ်တစ်ဒေသ ကူးယူတုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် သွယ်ဝိုက်အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပကူးယူသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**Bahadur Group Company Limited [ရဲရင့်ခြင်းဂရု(ပ်) ကုမ္ပဏီလီမိတက်] (ကုမ္ပဏီမှတ်ပုံတင်အမှတ် –132062331)၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်စန္ဒာလင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ် – ၄၃၂၇၂)**
**ဖုန်း – ၀၉-၇၉၂၁၆၉၅၃၅၊ ၀၉-၄၃၀၉၂၁၆၆**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ကမာရွတ်ဒင် (ခ) ဦးကျော်ထွန်း (ဘ) ဦးအီဗရာဟင် [၁၂/သဃက (နိုင်)၁၈၉၇၃၃ ]** အမှတ် ( ၆ )၊ ပြည်ထောင်စုလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်–




**မှတ်ပုံတင်အမှတ် – ၄/၁၀၄၁/၂၀၂၅**

အထက်တွင် ဖော်ပြထားသည့် "အိုင်ဂျီ" Infinity Grace သောက်ရေသန့် အမည်ပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် – ၄/၁၀၄၁/၂၀၂၅ ဖြင့် ထုတ်လုပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် ကိုယ်တိုင်ထုတ်လုပ်သည့် သောက်ရေသန့် ဘူးအရွယ်အစားအမျိုးမျိုးတွင် "အိုင်ဂျီ" Infinity Grace သောက်ရေသန့် တံဆိပ်ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ကျွန်ုပ်၏မိတ်ဆွေ အသုံးပြုလျက်ရှိသော အထက်ပါ ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသော သောက်ရေသန့်ဘူးအမျိုးမျိုးတို့တွင် ဝယ်ယူသောက်သုံး အသုံးပြုလျက်ရှိသူများအား ထင်ယောင်ထင်မှားဖြစ်စေရန် အတုအပပြုလုပ်ခြင်း၊ သံတူကြောင်းကွဲ၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်းများ၊ မပြုလုပ်ရန် တားမြစ်အပ်ပါသည်။ ထိုသို့ တားမြစ်ထားသည်ကို လိုက်နာမှုမရှိခဲ့ပါက အတုပြုလုပ်သူများအပေါ် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးစိန်ထွန်း (ခ) ဦးသန်းရွှေ**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်–၈၅၃၉)**
**အမှတ် (၁၀၅/၁၀၇)၊ မြယာကုန်းလမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09–254048547, 09–793268348**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်–၂၀၆/ခ၊ ဧရိယာ(၀.၀၂၇၅)ဧက၊ စတုရန်းပေ (၁၂၀၀)ရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် **ဦးခင်အေး [၁၂/မရက(နိုင်)၀၃၈၀၃၀]**၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါ မြေကွက်အား အမည်ပေါက်ပိုင်ရှင် ဦးခင်အေးက မိမိတစ်ဦးတည်းသာဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့်စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ မြေကွက်နှင့် အဆောက်အဦအား အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ယနေ့မှစ၍ (၁၄)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင်(LL.B, DBL, DIL, DML)**
**အထက်တန်းရှေ့နေ (စဉ်–၃၈၈၈၆)**
**အမှတ်–၈၈၊ မြေညီထပ်၊ (၃၈)လမ်း(အောက်ဘလောက်)၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉-၅၀၇၇၈၅၀**

## "TITAN" PURIFIED DRINKING WATER

## ကုန်အမှတ်တံဆိပ်အား အများပြည်သူသိစေရန် အသိပေးကြေညာခြင်း




ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဆွေမြင့်[၁၂/ဥကမ(နိုင်)၁၁၁၈၈၈]သည် "TITAN" အမည်အမှတ်တံဆိပ်ဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၄/၆၄၆/၂၀၂၅)ဖြင့် (၂၁-၁-၂၀၂၅)ရက်နေ့တွင် မှတ်ပုံတင်ထားရှိပြီး စတင်သုံးစွဲ၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေပြီဖြစ်ပါကြောင်း နှင့် "TITAN" ကုန်အမှတ်တံဆိပ်အား တုပ၍ ဈေးကွက်အတွင်း ဆင်တူယိုးမှား ပြုလုပ်၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန်နှင့် တွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်ဝင်းသူ (LL.B)** | **ဒေါ်သန္တာအောင်(ခ)ဒေါ်နှင်းပွင့်ဇင် (LL.B)** |
| **(အထက်တန်းရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **စဉ်–၄၀၇၁၀** | **စဉ်–၁၈၀၃၀** |

**အမှတ်–၂၇/၂၉၊ ဒုတိယထပ်၊ (၃၅)လမ်းအောက်၊ ကျောက်တံတားမြို့နယ်။ ဖုန်း– ၀၉-၂၆၀၄၀၁၀၇၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရောချမ်းသာအိမ်ရာ၊ တိုက်အမှတ်(11B)၊ အခန်းအမှတ်(259)၏ မူလအမည်ပေါက် ဦးစိုင်းလုံဝမ်း [၁၃/တကန(နိုင်)၁၃၁၅၅၆]ထံမှ ဒေါ်ကျော့ကေခိုင် [၉/ညဥန(နိုင်)၁၆၉၁၄၉]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက် အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(1B) ၊ အခန်းအမှတ်(0605)၏ မူလအမည်ပေါက် ဦးဇေယျာလင်း[၁၂/ဗဟန(နိုင်)၁၁၇၉၅၆]+ ဒေါ်သော်တာထက် [၁၂/ဗဟန(နိုင်)၀၉၈၂၅၀]ထံမှ ဦးထက်ဝင်းခန့် [၁၄/မအပ(နိုင်)၂၄၉၅၇၄]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ လမ်း(၅၀)အိမ်ရာ၊ တိုက်အမှတ်(၂၁/၂၃)၊ အခန်းအမှတ်(၀၀၁)၏ မူလအမည်ပေါက် ဦးသက်နိုင်စိုး [၉/ခအဇ(နိုင်) ၀၀၂၃၆] ထံမှ ဦးမြင့်လှိုင်(ခ)အစ္စလာမ် [၁၂/ဗတထ(နိုင်)၀၁၇၆၁၄] က တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၆၅)ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၀၀၂)၏ မူလအမည်ပေါက် ဦးမြင့်ဆွေ [၁၄/မအန(နိုင်)၀၀၅၆၆၄] ထံမှ ဦးလွင်မင်းချို [၁၂/ဒဂတ(နိုင်)၁၁၅၅၆၆]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် (၁၃)ကြိမ်မြောက်၊ (၁၄)ကြိမ်မြောက်၊ (၁၅)ကြိမ်မြောက်နှင့် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ (၁၃)ကြိမ်မြောက်၊ (၁၄)ကြိမ်မြောက်၊ (၁၅)ကြိမ်မြောက်နှင့် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်–

(က) အစမ်းလေ့ကျင့်မည့်ရက် – (၃၀-၃-၂၀၂၅)ရက် (တနင်္ဂနွေနေ့)

(ခ) ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် – (၃၁-၃-၂၀၂၅)ရက် (တနင်္လာနေ့)

၂။ (၁၃)ကြိမ်မြောက်၊ (၁၄)ကြိမ်မြောက်၊ (၁၅)ကြိမ်မြောက်နှင့် (၁၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မှ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများတက်ရောက်ရန် လျှောက်ထားနိုင်ပါသည်–

(က) ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး) (၁/၂၀၁၈)သင်တန်း၊ (၁/၂၀၁၉)သင်တန်း၊ (၁/၂၀၂၀)သင်တန်းနှင့် (၈/၂၀၂၁)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ခ) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ (၁/၂၀၂၀)သင်တန်း၊ (၈/၂၀၂၁)သင်တန်း၊ (၁/၂၀၂၃)သင်တန်းနှင့် (၁/၂၀၂၄)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဂ) ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့ (၁/၂၀၂၀)သင်တန်း၊ (၈/၂၀၂၁)သင်တန်း၊ (၁/၂၀၂၃)သင်တန်းနှင့် (၁/၂၀၂၄)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဃ) ဆေးပညာသင်ကြားရေးဒီပလိုမာ (၃/၂၀၁၉)သင်တန်း၊ (၃/၂၀၂၀)သင်တန်း၊ (၃/၂၀၂၃)သင်တန်းနှင့် (၃/၂၀၂၄)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(င) အာဟာရပညာဒီပလိုမာ (၁/၂၀၂၃)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) တက်ရောက်ဘွဲ့ – ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)

(ခ) အဝေးရောက်ဘွဲ့ – ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် [အမျိုးသား – မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး – မြန်မာဝတ်စုံ]ဖြင့် လတ်တလောရိုက်ကူးထားသော (၁ ၁/၂"x ၂") အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် (၂၄-၂- ၂၀၂၅)မှ (၁၇-၃-၂၀၂၅)ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ(တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အပြည့်အစုံ) တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာနစိတ်၊ ဖုန်းနံပါတ်(၀၉-၅၀၃၄၄၃၂ ၊ ၀၉-၆၅၁၆၆၆၈၀၁ ၊ ၀၉-၄၄၈၅၃၄၄၄၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၉)လမ်း၊ တိုက်အမှတ်(၉)၊ (၂)ခန်းတွဲ (၆) ထပ်တိုက် အဆောက်အဦမှ (၅–လွှာ/ခြေရင်းခန်း) တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းဆွေ [၅/ထလန(နိုင်)၀၀၀၅၂၃]ထံမှ ဒေါ်လေးငယ် [၁၀/မလမ(နိုင်)၂၃၃၉၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား မူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လေးငယ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉-၅၁၈၁၈၂၀**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အ.ထ.က(၁) Grade-6၊ ကံ့ကော်အခန်းတွင် ပညာသင်ကြားနေသော မအေးမြတ်ချယ်ရီ၏ ဖခင်အမည်မှန်မှာ ဦးဖြိုးဝေ [၁၄/ဝခမ(နိုင်)၁၉၇၄၉၈] ဖြစ်ပါကြောင်း။

**ဦးဖြိုးဝေ**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အ.ထ.က(၁)၊ Grade-6၊ ကံ့ကော်အခန်းတွင် ပညာသင်ကြားနေသော အဖ ဦးဖြိုးဝေ [၁၄/ဝခမ(နိုင်) ၁၉၇၄၉၈]၊ အမိ ဒေါ်ယဉ်မင်းသူ [၁၄/မမန(နိုင်) ၁၉၇၂၄၂]တို့၏ သမီးဖြစ်သူ မအေးမြတ်ချယ်ရီအား မအိအိထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိအိထွန်း**

## (၆-၂-၂၀၂၅) ရက်စွဲပါ ကြေးမုံသတင်းစာ၏စာမျက်နှာ (၃၀) ၌ Supreme Target of Energy Potential Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ထူးထူးငွေ (တရားလွှတ်တော်ရှေ့နေ) (စဉ် – ၄၁၂၀) ၏ ဦးရဲရင့်ထွန်း၊ ဒေါ်ဇင်မာမိုး၊ ဒေါ်သဉ္ဇာထွန်းနှင့် အများသိစေရန်ကြေညာခြင်း အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဒေါ်ဇင်မာမိုး [၁၂/သကတ(နိုင်)၀၇၁၄၃၂] နှင့် ဒေါ်သဉ္ဇာထွန်း [၁၂/သကတ(နိုင်)၁၈၇၂၂၃]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

အထက်အကြောင်းအရာပါ ကြေညာခြင်းနှင့်ပတ်သက်၍ ဒေါ်ဇင်မာမိုးနှင့် ဒေါ်သဉ္ဇာထွန်းတို့ အနေဖြင့် မှန်သည်မှားသည်ကို သိရှိခြင်းမရှိပါ။ ၎င်းတို့နှင့် သက်ဆိုင်ခြင်းမရှိသည့်အပေါ် ၎င်းတို့အမည်များကို ထည့်သွင်း ဖော်ပြခဲ့ခြင်းသာဖြစ်ပါသည်။ ဒေါ်သဉ္ဇာထွန်းသည် ဒေါ်ဇင်မာမိုးတို့နှင့် အတူတကွနေထိုင်နေခြင်း မဟုတ်သကဲ့သို့ လုပ်ငန်းဆက်စပ်မှုလည်းမရှိပါ။ ဒေါ်ဇင်မာမိုးနှင့် ဒေါ်သဉ္ဇာထွန်းသည် မိဘဆွေမျိုးအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်တွင် ကောင်းသော ဂုဏ်သတင်းနှင့် ရပ်တည်နေထိုင်နေကြသူများဖြစ်ပါသောကြောင့် မမှန်ကန်သည့်အကြောင်းအရာများကို အများသူငှာထင်ယောင်ထင်မှားဖြစ်စေရန်၊ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် ၎င်းတို့၏အမည်များကို ထည့်သွင်းကြေညာထားသည်များအား ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် နောက်နောင်ယခုကဲ့သို့ ထပ်မံကြော်ငြာခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ –** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဇင်မာမိုး၊ ဒေါ်သဉ္ဇာထွန်း** | **ဦးသိန်းနိုင် (LL.B)** |

**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၄၅၃၁)**
**အခန်း (၂၀၄)၊ တိုက် (၂) ၁၄ လမ်း အေ၊ (၉၄) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉-၄၂၀၁၃၀၇၇၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မှူးဗထူးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၂၊ မြေကွက်အမှတ်-၅၀၁၊ ဧရိယာ(၀.၀၅၈)ဧက၊ (၄၂ပေx၆၀ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးဖေသန်း (AC-၀၁၃၄၀၅) အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်သူ ဦးဖေသန်းမှာ (၂၇-၃-၂၀၀၇) နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ကျန်ရစ်သူဇနီး ဒေါ်စန်းကြည် [၁၂/မရက(နိုင်)၀၅၂၆၇၄]က ဖော်ပြပါ မြေကွက်နှင့် ယင်းမြေပေါ်ရှိအဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆိုင် အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားဝင် လက်ရှိထားနေထိုင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်( အရှေ့ပိုင်း )မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ဗိုလ်ဗစိုး( ၃ )လမ်း၊ မြေကွက်အမှတ် ( ၃၇၄ )ဟုခေါ်တွင်သော မြေအကျယ်အဝန်း ( အလျား ၄၀ ပေ x အနံ ၆၀ ပေ )ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့နှင့်စပ်လျဉ်း၍ကန့်ကွက်နိုင်ကြောင်း**

### အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ ဒေါ်လှသန်း[၁၂/အစန(နိုင်)၀၁၆၄၄၂] အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းဇော်ထွဋ်[၁၂/ဥကတ(နိုင်)၁၆၄၂၄၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးငယ်[၁၂/တတန(နိုင်)၁၈၂၇၇၂]သည် အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၁၉-၂-၂၀၂၅)ရက်နေ့တွင် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးချစ် (LL.B) ဒေါ်သက်ဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၂၇၄) အထက်တန်းရှေ့နေ (စဉ် - ၅၀၀၁၆)**
**တိုက်( B-8 )၊ အခန်း ( ၂၀၄ )၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ( ၄၂ )ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph; 09-778849700, 09-773562082**

## ကုန်အမှတ်တံဆိပ်သတိပေး ကြေညာချက်

အနောက်လှေျာ်ဖြူကုန်းကျေးရွာ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနေ ဦးသီဟဇော် [၉/ပဘန(နိုင်) ၂၀၉၀၂၆] ကိုင်ဆောင်သူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ပျော်ဘွယ်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်-




အထက်ဖော်ပြပါ ရေသန့်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ သောက်ရေသန့်ကို ဘူးကြီး၊ ဘူးသေး၊ ဘူးလတ်စသည့် အရွယ်အစား အမျိုးအစားဖြင့် ပျော်ဘွယ်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းအမှတ်တံဆိပ်အမှတ်အသားကို ထည့်သွင်း ထုပ်ပိုးမည့်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ၊ ထည့်သွင်းပစ္စည်း ထုပ်ပိုးပစ္စည်းစသည့် အရွယ်အစား အမျိုးမျိုး အရောင်အမျိုးမျိုးပြုလုပ်သည့် အသားတံဆိပ်ပြုလုပ်၍ ထုတ်လုပ် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား ထင်ယောင်ထင်မှား မဖြစ်စေရန်နှင့် တုပသုံးစွဲခြင်း မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါတားမြစ်ချက်များကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ် အမှတ်အသားနှင့် ပတ်သက်၍(အမည်တူ) ကန့်ကွက်လိုပါက သတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသီဟဇော်**
**[၉/ပဘန(နိုင်)၂၀၉၀၂၆]**
**09-448075164**

## ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး တတိယကြိမ်မြောက် ဆရာတော်ဦးဓမ္မပတိဦးဆောင်သည့် ဖားအောက်တောရ နေ့တရားခန်း

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ တတိယကြိမ်မြောက် ဆရာတော်ဦးဓမ္မပတိ ဦးဆောင်သည့် ဖားအောက်တောရ နေ့တရားခန်းကို ၁၃၈၆-ခု၊ တပေါင်းလဆန်း(၅)ရက် (၃-၃-၂၀၂၅)မှ တပေါင်းလပြည့်ကျော်(၄)ရက် ( ၁၇-၃-၂၀၂၅) ရက်၊ မွန်းတည့်(၁၂:၀၀)နာရီမှ ညနေ(၄:၀၀)နာရီအထိ၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၄၉/၅၁)ရှိ အဘိဓမ္မာရတနာဃရ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသူများသည် ဖေဖော်ဝါရီလ (၂၂၊ ၂၃)ရက် (စနေ၊ တနင်္ဂနွေ) နေ့၊ နံနက် (၈:၀၀)နာရီမှစတင်၍ အဘိဓမ္မာရတနာဃရ ဗိမာန်တော်ကြီး၌ စာရင်းပေးသွင်းကြရပါမည်။

**အမှုဆောင်အဖွဲ့ ၀၁၈-၃၇၈၄၅၇၊ ၀၉-၂၅၀၃၁၆၃၇၆**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း၊ အမှတ်(၂၁၇)နေ ဒေါ်အေးချမ်းမေ [၉/မဟမ(နိုင်)၀၄၅၉၃၂]၏ ဖခင် လီဝေကွမ်း (ခ) ကျော်ကျော်လွင်နှင့် ဦးကျော်ကျော်လွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**လီဝေကွမ်း (ခ) ဦးကျော်ကျော်လွင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၇) ရပ်ကွက်၊ (၄၂)လမ်းအိမ်ရာ၊ တိုက်အမှတ် (၁၄)၊ အခန်းအမှတ် (၂၀၁) ဟု ခေါ်တွင်သော ဧရိယာ ၈၉၃ (စ/ပေ) ရှိ ဒေါ်နန်းကြည်လှိုင် [၉/မရတ(နိုင်)၀၀၉၈၈၈] အမည်ပေါက် တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်၍ အဆိုပါ တိုက်ခန်းတွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သစ်သစ်မြင့်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၈)**
**ရုံး-အမှတ်-၆၁၊ ပထမထပ်၊ ၄၄-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ Ph-09 5061624**

## "JMG အမှတ်တံဆိပ်အားသွင်းပန်ကာများနှင့် ပတ်သက်၍ အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာ၀(၁၈)လမ်း၊ အမှတ်(၇၇၇/အေ)နေ ဦးစိုးမင်းထွန်း[၁၂/လသန(နိုင်)၀၁၈၅၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေသည် Model No-JF-188 (Lithium Battery-10000 mAh) Air Circulation system မီးခိုး/နက်၊ ပန်းရောင်၊ ငွေ/ဖြူ အရောင် (Colour)စပ်ထားသည့် ပန်ကာ (၃) မျိုးနှင့် Model No-F268A (Lithium Battery-10000 mAh) ကာကီရောင်စပ်ထားသည့် ပန်ကာစသောအောက်ဖော်ပြပါ JMG Electric အမှတ်တံဆိပ် ပန်ကာအမျိုးမျိုးကို ကိုယ်တိုင်တီထွင်ကြံဆ၍ တရုတ်နိုင်ငံ Jieyang Airport District Fengmei Qishun Electric Appliance Factory မှ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ဦးတည်းတင်သွင်းဖြန့်ဖြူးရောင်းချခွင့်ရရှိထားသူဖြစ်ပါသည်။



သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေမှ ဖြန့်ဖြူးရောင်းချလျက်ရှိသော အထက်ပါ အမှတ်တံဆိပ်ပန်ကာများကို တရားမဝင်တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ ရောင်းချရန်အလို့ငှာ တရားမဝင်လက်ဝယ်ထားရှိခြင်း၊ တီထွင် ဖန်တီးမှုအား တုပ၍ပြုလုပ်ရောင်းချခြင်း၊ ခွင့်ပြုချက်မရှိဘဲ တစ်ဆင့်ခံရောင်းချခြင်း၊ သွယ်ဝိုက်သော သဘောဖြင့် ရောင်းချရန်ကြော်ငြာခြင်း၊ ၎င်းအမှတ်တံဆိပ်အမှတ်အသားကို တိုက်ရိုက်/ သွယ်ဝိုက်/ဆင်တူယိုးမှား/ တစ်စိတ်တစ်ဒေသ တုပပြုလုပ်ခြင်း၊ အဆိုပါ ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေအား ထိခိုက်နစ်နာစေရန် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခြင်းတို့ကို မပြုလုပ်ရန် သတိပေးတားမြစ် အပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရဘဲ (Online selling, Internet website, Page) များမှ တစ်ဆင့်ဖြန့်ဖြူးရောင်းချရန် လုပ်ဆောင်ခြင်းများသည်လည်း အထက်ဖော်ပြပါအချက်များတွင် အကျုံးဝင်သော ဆောင်ရွက်ချက်များသာ ဖြစ်ကြောင်း သိစေအပ်ပါသည်။

ထို့ကြောင့် ဖော်ပြပါ သတိပေးတားမြစ်ချက်များအား လိုက်နာခြင်း မရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲပြဋ္ဌာန်းဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လင်းအေး (LL.B) ဦးသန့်ဇင်ဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၇၃၁/၁၄) (စဉ်-၁၉၃၉၁/၂၄)**
**အခန်း-၃၊ (၇)လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၇၂၁၈၅၊ ၀၉-၇၆၅၀၇၂၁၈၅**

## ရန်ကုန်တက္ကသိုလ် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာ ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)ရှိ ဆိုင်ခန်း(၅၉)ခန်းအား ငှားရမ်းလုပ်ကိုင်ခွင့် အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို တစ်စောင်လျှင် ကျပ် ၂၀၀၀ိ နှုန်းဖြင့် ရန်ကုန်တက္ကသိုလ်၊ စီမံရေးရာဌာနတွင် (၂၁-၂-၂၀၂၅) ရက်နေ့ နံနက် (၁၀: ၀၀)နာရီမှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ - (၁၇-၃-၂၀၂၅) ရက်နေ့ မွန်းလွဲ ( ၁၄ : ၀၀)နာရီ ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်ရက်မှာ - (၂၀-၃-၂၀၂၅) ရက်နေ့ မွန်းလွဲ (၁ : ၀၀)နာရီ ဖြစ်ပါသည်။

၅။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက စီမံရေးရာဌာန၊ ဖုန်းနံပါတ် (၀၉-၄၃၂၀၄၂၆၃၊ ၀၉-၄၄၈၈၈၈၇၅၂) သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရွေးချယ်ရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထိုက်လင်း မှတ်ပုံတင်အမှတ်[၈/ဆပဝ(နိုင်) ၀၀၂၈၃၅]ကိုင်ဆောင်သူပိုင် အေးမြချမ်းသာ-၉၇၈၃ ရေယာဉ်၏ လုပ်ငန်းလိုင်စင် အပိုင်း(၁-၂) မူရင်းမှာ လမ်းမတော်ဆိပ်ကမ်းတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-965958729**

## တစ်ဦးတည်းဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ ဇလုပ်ကြီးအုပ်စု၊ ဇလုပ်ကြီးကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေမာလွင် [၁၄/မအန(နိုင်)၁၅၉၄၉၅] နှင့် ဒေါ်ဝေဇာလွင် [၁၄/မအန (နိုင်) ၁၅၉၅၀၈]တို့၏ ဖခင်အမည်မှာ ဦးကျော်ငြိမ်း (ခ) ဦးအောင်ချစ် ဟူသော အမည်နှစ်မျိုးစလုံးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်စုသင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၃၁)**
**တိုက်(၁၄၂)၊ ၈-လွှာ၊ (၄၈)လမ်း (ထက်)၊ (၁၀)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်။ ဖုန်း - ၀၉-၄၄၉၈၀၀၉၂၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းဝင်း မှတ်ပုံတင်အမှတ် [၁၂/သလန(နိုင်) ၁၁၂၉၅၄]ကိုင်ဆောင်သူပိုင် CBR-0906 ရေယာဉ်တွဲ၏ ရေယာဉ် လုပ်ငန်းလိုင်စင် အပိုင်း (၁-၂)မူရင်းမှာ လမ်းမတော်ဆိပ်ကမ်းတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-421110517**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ရိပ်သာ (၁၀)လမ်း၊ အမှတ် (၁၈)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးဆန်းဦး မှတ်ပုံတင်အမှတ် [၁၄/မအန(နိုင်)၀၀၄၀၆၄] ကိုင်ဆောင်သူ၏ ဖခင်အမည်မှာ ဦးကျော်ငြိမ်း (ခ) ဦးအောင်ချစ် ဟူသောအမည်နှစ်မျိုးစလုံးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်စုသင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၃၁)**
**တိုက်(၁၄၂)၊ ၈-လွှာ၊ (၄၈)လမ်း (ထက်)၊ (၁၀)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ် ဖုန်း - ၀၉-၄၄၉၈၀၀၉၂၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ တမာရိပ်လမ်း၊ မြေကွက်အမှတ်(၃၄၈)၊ အကျယ်အဝန်း(အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ ဦးစိန်လှိုင် အမည်ပေါက် မြေချပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (အလျား ၁၀ ပေx အနံ ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တည်ဆောက်ထားသော နေအိမ်နှင့်တကွ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခိုင်ဇင်မြင့် [၈/ရနခ(နိုင်)၁၀၄၁၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၂၄၅)**
**အမှတ်(၁၁၅၀)၊ ရွှေကိန္နရီ(၁)လမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း:- 09-423744414, 09-786052890**

## အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကျိုက်ဖနဲရပ်ကွက်၊ အောင်သုခလမ်း၊ မြေကွက်အမှတ် (၅)၊ ဦးပိုင်အမှတ် (၁၀၄/၃၀) ဟုခေါ်တွင်သော မြေချိန်ဧရိယာ (၀.၀၆၀) ဧကရှိ (ဘီ) အမှတ်ပြမြေကွက်သည် မွန်ပြည်နယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဂရန်အမှုတွဲအမှတ် XXVII. No(ငါး) ၁၆၀၊ ၂၀၁၅- ၂၀၁၆ ၊ အမှတ်စဉ်-၂၀၂/၂၀၁၆-၂၀၁၇ ဖြင့် ဒေါ်စိုးစိုးအေး (ဘ) ဦးကျော်ရှိန် [၁၀/မလမ(နိုင်)၀၁၄၈၁၃] အမည်ပေါက်ဖြင့် တည်ရှိပြီး ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ အောင်သုခလမ်း၊ အိမ်အမှတ်(၄၉/အေ)ဟုခေါ်တွင်သော နေအိမ်အဆောက်အဦး အပါအဝင် ရေမီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စိုးစိုးအေး [၁၀/မလမ(နိုင်)၀၁၄၈၁၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြကြည် [၃/ကကရ(နိုင်)၁၃၆၃၇၉] မှ လက်ရောက်ဝယ်ယူခဲ့ပြီးဖြစ်ပါ၍ ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ၎င်းသာလျှင် လက်ရောက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ၎င်း၏ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းရောင်းချပေါင်နှံခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတက်ထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၅၄၃၇၄/၆-၅-၂၀၂၁)**
**အမှတ်(၁၁/၅-ဘီ)ဝတ်ကြီးလမ်း၊ အောက်ကျင်းရပ်ကွက်၊ မော်လမြိုင်မြို့။ဖုန်း - ၀၉-၂၅၅၈၅၄၈၁၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်- ၁၉ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်- ၇ B၊ မြေကွက်အမှတ်-၇/က၂-B၊ ဧရိယာ(၀.၀၄၁)ဧက အကျယ်အဝန်းရှိ ဦးစိုးအောင်ထွန်း (ဘ)ဦးအိုက်နန်ဖတ်[၁၃/တခလ (နိုင်)၀၃၉၂၁၂] အမည်ပေါက် မြေပိုင်မြေ(လ/န ၃(ခ)ရပြီး)အမျိုးအစားမြေနှင့် မြေပေါ်ရှိ နေအိမ်အဆောက်အဦ(၁)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို Myanmar Lingzhou Group Co.,Ltd (မှတ်ပုံတင်အမှတ်-၁၃၀၇၀၂၉၃၇)က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အပိုင်ဝယ်ယူသူအမည်ပေါက် ပိုင်ဆိုင်ရေးအတွက် လိုအပ်သည့်ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကုမ္ပဏီကိုယ်စား(၁၇-၂-၂၀၂၅)ရက်စွဲပါ အစည်းအဝေးဆုံးဖြတ်ချက်အရ မန်နေဂျာဖြစ်သူ ဒေါ်နိုင်နိုင်စံ [၁၃/နဆန(နိုင်)၀၆၁၆၇၄]ကိုင်ဆောင်သူက ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ် ပြုလုပ်ခြင်းကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းယုဇနလှိုင်(LL.B) ဒေါ်သိမ့်သိမ့်စိုးဟန်(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၄၀) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၈)**
**အမှတ်-၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၄၂၁၃၃၊ ၀၉-၈၇၉၉၅၅၁၁၁**

## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ခု-ဘဏ္ဍာရေးနှစ်ဖြစ်သည့် (၁-၄-၂၀၂၅)ရက်နေ့မှ (၃၁-၃-၂၀၂၆)ရက်နေ့ထိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ကြီးကြပ်မှုအောက်ရှိ အောက်ဖော်ပြပါ လုပ်ငန်း (၁၈)ခုကို (၁)နှစ်အငှားချထားဆောင်ရွက်ရန်အတွက် လုပ်ငန်းလုပ်ကိုင်လိုသူများထံမှ ချိပ်ပိတ်တင်ဒါ/ဈေးပြိုင်စနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါသည်-

(၁) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ စက်ဘီးငှားရမ်းခြင်းလုပ်ငန်း(၁)
(၂) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ စက်ဘီးငှားရမ်းခြင်းလုပ်ငန်း(၂)
(၃) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၁) ပင်မဂိတ်အနီး
(၄) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၂) ပြည်ထောင်စုခန်းမအနောက်
(၅) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၃) ဗမာအိမ်အနီး
(၆) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၄) မွန်အိမ်အနီး
(၇) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၅) ရခိုင်အိမ်အနီး
(၈) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၆) ချင်းအိမ်အနီး
(၉) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၇) အင်းလေးကန်အနီး
(၁၀) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၈) ကယားအိမ်အနီး
(၁၁) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ MV-705 သင်္ဘောပေါ်တွင် လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်း
(၁၂) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ဘာဂီငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း
(၁၃) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ဓာတ်ပုံဆိုင်အဟောင်းအား စားသောက်ဆိုင်အဖြစ် ပြုပြင်ငှားရမ်းခြင်းလုပ်ငန်း
(၁၄) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ အင်းလေးကန်အတွင်း အပျော်စီး ဘဲလှေငှားရမ်းခြင်းလုပ်ငန်း
(၁၅) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ မြင်းလှည်းငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း
(၁၆) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်း
(၁၇) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ရေလွှာလျှောစီးလုပ်ငန်း
(၁၈) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ရှိ အရုပ်ကောက်စက်လုပ်ငန်း

၂။ ချိပ်ပိတ်တင်ဒါ/ဈေးပြိုင်စနစ်ပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက် ၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက တာဝန်ခံအရာရှိ၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရုံးသို့ဖြစ်စေ၊ ဖုန်း ၀၉၄၅၀၀၄၇၅၈၈၊ ၀၉၅၁၂၄၁၃၊ ၀၁၉၅၄၇၀၅၅၊ ၀၉၄၂၁၁၁၄၄၉၆ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည် -

| | | |
|---|---|---|
| တင်ဒါရောင်းချမည့်ရက် | - | (၂၀-၂-၂၀၂၅) |
| တင်ဒါအရောင်းပိတ်မည့်ရက် | - | (၆-၃-၂၀၂၅) |
| တင်ဒါကျင်းပမည့်နေ့ရက် | - | (၁၀-၃-၂၀၂၅) |
| တင်ဒါကျင်းပမည့်နေရာ | - | ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)အစည်းအဝေးခန်းမ |

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ Website http://www.moea.gov.mm/တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အယူခံမှုကို ဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၉၁

ဒေါ်နီနီခိုင် နှင့် ၁။ ဒေါ်တင်တင်ချို
၂။ ဒေါ်မိုးသန္တာဦး(ခ)မိုးကြီး(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးစိုးကျော်နိုင်)

**(အယူခံတရားလို)** **(အယူခံတရားပြိုင်များ)**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်စွဲပါ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၁၆/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ ကျောက်စိမ်း(၂)လမ်း၊ အခန်း(၃)၊ အဆောင်(၆၃)နေ အယူခံတရားပြိုင်အမှတ်(၂)ဒေါ်မိုးသန္တာဦး(ခ)မိုးကြီး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးစိုးကျော်နိုင်) (ယခုနေရပ်လိပ်စာမသိသူ ) သိစေရမည်။

ယခုအမှုတွင် မရမ်းကုန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ မတ်လ(၅)ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုတက္ကသိုလ်၊ ရန်ကုန်

### (၂၇)ကြိမ်မြောက်၊ (၂၈)ကြိမ်မြောက် နှင့် (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ (၂၇)ကြိမ်မြောက်၊ (၂၈)ကြိမ်မြောက်နှင့် (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | အစမ်းလေ့ကျင့်မည့်ရက် | - | **(၂၅-၃-၂၀၂၅)ရက် (အင်္ဂါနေ့) နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း** |
| (ခ) | ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက် | - | **(၂၆-၃-၂၀၂၅)ရက်(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း** |

၂။ (၂၇)ကြိမ်မြောက်၊ (၂၈)ကြိမ်မြောက်နှင့် (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ သူနာပြုတက္ကသိုလ်၊ ရန်ကုန်မှ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများတက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) သူနာပြုပါရဂူဘွဲ့(၁/၂၀၂၀)၊ (၈/၂၀၂၁)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ
( ခ ) သူနာပြုမဟာသိပ္ပံဘွဲ့ (ဘွဲ့လွန်) (၁/၂၀၁၉)သင်တန်း၊ (၁/၂၀၂၀)သင်တန်း၊ (၈/၂၀၂၁)သင်တန်း၊ (၈/၂၀၂၁) သင်တန်း (နောက်ဆက်တွဲ)၊ (၁/၂၀၂၃)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ
( ဂ ) အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာဘွဲ့ (၁/၂၀၁၉) သင်တန်း၊ (၁/၂၀၂၀)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ
(ဃ) သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) (အဝေးသင်) (၁/၂၀၂၀) သင်တန်း၊ (၆/၂၀၂၂)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ
( င ) သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) (On-Campus)(၁/၂၀၂၀) သင်တန်း၊ (၁/၂၀၂၃)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ
( စ ) သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်) (၁/၂၀၂၀) သင်တန်း၊ (၁/၂၀၂၃) (New Curriculum)သင်တန်း၊ (၁/၂၀၂၃) (Old Curriculum) သင်တန်း၊ (၁/၂၀၂၄)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ
(ဆ) အထူးပြုသူနာပြုဒီပလိုမာ(၉)လ (၁/၂၀၂၀)သင်တန်း၊ (၁/၂၀၂၃)သင်တန်း၊ (၁/၂၀၂၄)သင်တန်း၊ (၁/၂၀၂၄) သင်တန်း (နောက်ဆက်တွဲ)စာမေးပွဲအောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ) အဝေးရောက် ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) ပေးသွင်းရမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို သူနာပြုတက္ကသိုလ်၊ ရန်ကုန် စာမေးပွဲရေးရာဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် [အမျိုးသား-မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး - မြန်မာဝတ်စုံ]ဖြင့် လတ်တလောရိုက်ကူးထားသော (၁ ၁/၂"x ၂")အရွယ် ရောင်စုံ ဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် **(၂၁-၂-၂၀၂၅)မှ (၁၀-၃-၂၀၂၅)ရက်နေ့**အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ (တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ အပြည့်အစုံ) တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားကို တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သူနာပြုတက္ကသိုလ်၊ ရန်ကုန် ဖုန်းနံပါတ် ၀၉-၄၃၀၂၃၉၄၆၊ ၀၉-၇၉၁၇၉၅၀၇၈၊ ၀၉-၄၅၂၁၀၇၇၃၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**


## Import declaration ပျောက်ဆုံးကြောင်း

IMT Expressway Co.,Ltd. မှ ID No. MA 0221008920 (၁၁-၃-၂၀၂၂)သည် ကုမ္ပဏီရုံး အပြောင်းအရွှေ့တွင် ပျောက်ဆုံးသွားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်- ၀၉-၄၄၃၇၄၆၆၄၄**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်

### (၄၃)ကြိမ်မြောက်၊ (၄၄)ကြိမ်မြောက်နှင့် (၄၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - ရန်ကုန်၏ (၄၃)ကြိမ်မြောက်၊ (၄၄)ကြိမ်မြောက်နှင့် (၄၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| အစမ်းလေ့ကျင့်မည့်ရက် | - | (၁၄-၃-၂၀၂၅)ရက် (သောကြာနေ့) |
| ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် | - | (၁၅-၃-၂၀၂၅)ရက် (စနေနေ့) |

၂။ (၄၃)ကြိမ်မြောက်၊ (၄၄)ကြိမ်မြောက်နှင့် (၄၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်မှ အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) သွားဘက်ဆိုင်ရာဆေးလက်တွေ့ ပါရဂူ (၁/၂၀၁၇) သင်တန်း၊ သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ (၁/၂၀၁၈)သင်တန်း၊ သွားဘက် ဆိုင်ရာဆေးလက်တွေ့ ပါရဂူ (၁/၂၀၂၀) သင်တန်း၊ သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ(၈/၂၀၂၁)သင်တန်း စာမေးပွဲ အောင်မြင်ပြီးသူများ
(ခ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(၅/၂၀၁၈)သင်တန်း၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (၅/၂၀၁၉)သင်တန်း၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (၅/၂၀၂၀)သင်တန်း၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (၁၁/၂၀၂၁)သင်တန်းနှင့် သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (၁၀/၂၀၂၃) သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ
(ဂ) အထွေထွေသွားရောဂါကုဒီပလိုမာ (၁/၂၀၂၀)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ အထွေထွေသွားရောဂါကုဒီပလိုမာ (၁/၂၀၂၃) သင်တန်းစာမေးပွဲအောင်မြင်ပြီးသူနှင့် အထွေထွေသွားရောဂါကုဒီပလိုမာ(၁/၂၀၂၄)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ
(ဃ) သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာ(၁/၂၀၂၀)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများနှင့် သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာ (၁/၂၀၂၄) သင်တန်းစာမေးပွဲအောင်မြင်ပြီးသူ
(င) နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၁၇)သင်တန်း (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီး၊ အလုပ်သင် ဆရာဝန်အဖြစ် (၁)နှစ်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ပြီးသူနှင့် နောက်ဆုံးနှစ် ဘီဒီအက်စ်(၁/၂၀၁၇) (ထပ်ကျော့) သင်တန်းစာမေးပွဲအောင်မြင်ပြီး၊ အလုပ်သင်ဆရာဝန်အဖြစ် (၁)နှစ်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ပြီးသူများ
(စ) နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၁၈)သင်တန်း (နောက်ဆက်တွဲ)စာမေးပွဲ အောင်မြင်ပြီးသူများနှင့် နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၁၈) (ထပ်ကျော့)သင်တန်း စာမေးပွဲအောင်မြင်ပြီး၊ အလုပ်သင်ဆရာဝန်အဖြစ် (၁)နှစ်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ပြီးသူများ
(ဆ) နောက်ဆုံးနှစ်ဘီဒီအက်ဖ်(၁/၂၀၁၉)သင်တန်း (ပုံမှန်)စာမေးပွဲအောင်မြင်ပြီး၊ အလုပ်သင်ဆရာဝန်အဖြစ် (၁)နှစ်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ပြီးသူများ
(ဇ) နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၁၉)သင်တန်း (နောက်ဆက်တွဲ)စာမေးပွဲအောင်မြင်ပြီး၊ အလုပ်သင် ဆရာဝန်အဖြစ် (၁)နှစ်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ပြီးသူများ
(ဈ) နောက်ဆုံးနှစ် ဘီဒီအက်စ် (၁/၂၀၂၀)သင်တန်း (ပုံမှန်)စာမေးပွဲ အောင်မြင်ပြီး၊ အလုပ်သင်ဆရာဝန်အဖြစ် (၁)နှစ်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ပြီးသူများ
(ည) နောက်ဆုံးနှစ် ဘီဒီအက်စ်(၁/၂၀၁၉) (ထပ်ကျော့)သင်တန်း စာမေးပွဲအောင်မြင်ပြီး၊ အလုပ်သင် ဆရာဝန်အဖြစ် (၁)နှစ်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ပြီးသူများ
(ဋ) နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၂၀)သင်တန်း (နောက်ဆက်တွဲ)စာမေးပွဲအောင်မြင်ပြီး၊ အလုပ်သင် ဆရာဝန်အဖြစ် (၁)နှစ်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ပြီးသူများ
(ဌ) နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၂၃)သင်တန်း စာမေးပွဲအောင်မြင်ပြီး၊ အလုပ်သင်ဆရာဝန်အဖြစ် (၁)နှစ်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| တက်ရောက် | - | ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ) |
| အဝေးရောက် | - | ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| အထွေထွေသွားရောဂါကုဒီပလိုမာ | - | ၂၅၀၀၀/- (ကျပ်နှစ်သောင်းငါးထောင်တိတိ) |

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်ဘွဲ့လွန်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် [အမျိုးသား- မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး - မြန်မာဝတ်စုံ] ဖြင့် လတ်တလောရိုက်ကူးထားသော (၁ ၁/၂"x ၂")အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် (၂၁-၂-၂၀၂၅)မှ (၄-၃-၂၀၂၅)ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ (တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အပြည့်အစုံ)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ ဘွဲ့လွန်ဌာနစိတ် (၀၉-၂၆၀၃၇၁၃၅၆ /၀၉-၄၂၀၁၄၆၅၉၅)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ဓာတ်ခွဲခန်းကျွမ်းကျင်(၄)
## (လစာနှုန်း ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)
## ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | လစ်လပ် |
|---|---|---|
| (က) | ဓာတ်ခွဲခန်းကျွမ်းကျင်(၄) (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) | (၄၀၀)နေရာ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။ (လျှောက်ထားခွင့်ရှိသူများအား စုစုပေါင်းရမှတ်အများ/အနည်းအလိုက် တန်းစီဇယားဖြင့် ရွေးချယ်ပါမည်။)
- (ဂ) လျှောက်လွှာပိတ်သည့်(၇-၃-၂၀၂၅)ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) သတ်မှတ်သင်တန်းချိန်ပြည့်မီရန်နှင့် သင်တန်းပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
- (င) ကျန်းမာရေးကောင်းမွန်ပြီး မျက်စိနှင့် ကိုယ်ရောစိတ်ပါ ကျန်းမာသူဖြစ်ရမည်။
- (စ) လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ သက်ဆိုင်ရာဌာန/ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးထံမှ တစ်ဆင့် လျှောက်ထားရမည်ဖြစ်သည်။ (ကြိုတင်မိတ္တူပေးပို့၍ လျှောက်ထားနိုင်ပါသည်။)
- (ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။
- (ဇ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပြည့်စုံစွာ ပူးတွဲပေးပို့တင်ပြရမည်-
- (က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်(မိတ္တူ)နှင့် ရမှတ်စာရင်း(မိတ္တူ) (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်) (၁)စောင်စီ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (၁)စောင်
- (ဂ) လွန်ခဲ့သော တစ်လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်(မူရင်း) (၁)စောင်
- (ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း၊ ကိုယ်ရောစိတ်ပါ ကျန်းမာကြောင်း သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေး ဦးစီးဌာန၏ ဆေးထောက်ခံစာ(မူရင်း) (၁)စောင်
- (င) မိမိလက်ရှိနေထိုင်သော သန်းခေါင်စာရင်း(မိတ္တူ) (၁)စောင်
- (စ) လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံ(၁)ပုံကပ်ပြီး ဓာတ်ပုံ(၂)ပုံကို ပူးတွဲပေးပို့ရမည်။ (၃)လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံဖြစ်ရမည်။ (ဓာတ်ပုံကျောဘက်တွင် လျှောက်ထားသူအမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်များ ရေးသားရန်)
- (ဆ) အလုပ်သမားမှတ်ပုံတင်(မူရင်း) (၁)စောင်
- (ဇ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိခံဝန်ချက်
- (ဈ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းအဖြစ် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလွှာ
- (ည) ရွေးချယ်ခံရသူများသည် နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ် မပျက်မကွက် (မပျက်မကွက်) တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်ဖြစ်ပြီး (၃)နှစ်မပြည့်မီ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်လိုပါက လျော်ကြေးငွေ(၅၀၀,၀၀၀/-)(ကျပ်ငါးသိန်းတိတိ)ပေးသွင်းပြီးမှ နုတ်ထွက် ခွင့်ရမည်ကိုသိရှိပါကြောင်း ကိုယ်တိုင်ကတိခံဝန်ချက်
- (ဋ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း (မှတ်ချက်။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏ အမည်၊ လက်မှတ်၊ ရာထူး၊ တံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်း ပါရှိရမည်။)

၄။ လျှောက်လွှာများကို မိမိလက်ရှိနေထိုင်သော ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင်ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့လိပ်မူ၍ လျှောက်လွှာပိတ်ရက် (၇-၃-၂၀၂၅) ရက်နေ့ (၁၆:၀၀)နာရီထက် နောက်မကျစေဘဲ လျှောက်ထားရမည်။ (နေပြည်တော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးချုပ်သို့လိပ်မူ၍ တိုက်ရိုက်လျှောက်ထားခြင်း မပြုရပါ။)

၅။ ရွေးချယ်ခံရသူများအား ဓာတ်ခွဲခန်းကျွမ်းကျင်(၄) (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)အဖြစ် ခန့်ထားမည်ဖြစ်ပြီး ၎င်းတို့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် ဖွင့်လှစ်မည့် (၈)လသင်တန်းကို On Duty ဖြင့် အချိန်ပြည့်တက်ရောက်ရမည်ဖြစ်သည်။

၆။ အသေးစိတ်သိရှိလိုသည့် အချက်များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော် (ဖုန်း-၀၆၇-၃၄၃၁၁၈၆)နှင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်
### (၅၃)ကြိမ်မြောက်၊ (၅၄)ကြိမ်မြောက်နှင့် (၅၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ (၅၃)ကြိမ်မြောက်၊ (၅၄)ကြိမ်မြောက်နှင့် (၅၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-
- (က) အစမ်းလေ့ကျင့်မည့်ရက် - (၂၈-၃-၂၀၂၅)ရက် (သောကြာနေ့) နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း
- (ခ) ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက် - (၂၉-၃-၂၀၂၅) ရက် (စနေနေ့) နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း

၂။ (၅၃)ကြိမ်မြောက်၊ (၅၄)ကြိမ်မြောက်နှင့် (၅၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-
- (က) ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄-ခုနှစ်အတွင်း ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဒီပလိုမာဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများ။
- (ခ) နောက်ဆုံးအမ်ဘီဘီအက်အပိုင်း(ခ) (၆/၂၀၁၇) (နောက်ဆက်တွဲ)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ
- (ဂ) နောက်ဆုံးအမ်ဘီဘီအက်အပိုင်း(ခ) (၆/၂၀၁၈) (ပုံမှန်)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ
- (ဃ) နောက်ဆုံးအမ်ဘီဘီအက်အပိုင်း(ခ)(၆/၂၀၁၈) (နောက်ဆက်တွဲ)သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ
- (င) နောက်ဆုံးအမ်ဘီဘီအက်အပိုင်း(ခ) (၆/၂၀၁၉) (ပုံမှန်)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ
- (စ) နောက်ဆုံးအမ်ဘီဘီအက်အပိုင်း(ခ)(၆/၂၀၁၉) (နောက်ဆက်တွဲ)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ
- (ဆ) နောက်ဆုံးအမ်ဘီဘီအက်အပိုင်း(ခ) (၂/၂၀၂၂) (ပုံမှန်)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ
- (ဇ) နောက်ဆုံးအမ်ဘီဘီအက်အပိုင်း(ခ)(၂/၂၀၂၂) (နောက်ဆက်တွဲ)သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ

(ဖွင့်လှစ်ခဲ့သော ဘွဲ့ပေးအပ်ရမည့် သင်တန်းအပေါ်မူတည်၍ ဖြည့်သွင်းရန်ဖြစ်ပါသည်)

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
- (က) တက်ရောက်ဘွဲ့ - ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ)
- (ခ) အဝေးရောက်ဘွဲ့ - ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)
- (ဂ) မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ ဒီပလိုမာ - ၈၀၀၀၀/-(ကျပ်ရှစ်သောင်းတိတိ)
- (ဃ) အခြေခံအရေးပေါ်ကုသမှုဆေးပညာ ဒီပလိုမာ- ၂၅၀၀၀၀/-(ကျပ်နှစ်သိန်းငါးသောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက်(အမျိုးသား-မြန်မာဝတ်စုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး-မြန်မာဝတ်စုံ)ဖြင့် လက်တလောရိုက်ကူးထားသော (၁ $\frac{၁}{၂}$" x ၂")အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲလျက်(၂၁-၂-၂၀၂၅) ရက်နေ့မှ(၁၁-၃-၂၀၂၅) ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့်ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ (တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အပြည့်အစုံ)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနစိတ်၊ ဖုန်းနံပါတ်(၀၉-၆၈၇၆၀၈၆၈၂၊ ၀၉-၆၈၇၀၀၇၇၂၇ )သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MRPDA)
## ရန်ကုန်တိုင်းဒေသကြီး (ရုံးခွဲ) မှတ်ပုံတင်အမှတ် ( ၁၁၃၄၇၁၉၇၂ )
## အသင်းဝင်များအား သင်တန်းတက်ရောက်ရန် အသိပေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း (MRPDA) ရန်ကုန်တိုင်းဒေသကြီး (ရုံးခွဲ) မှ ကြီးမှူးကျင်းပသော " AML/CFT ဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်များဆိုင်ရာ အသိ ပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၂၅)" ကို ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ် သင်ကြားမည်ဖြစ်ပါသဖြင့် သင်တန်းမတက်ရောက်ရသေးသောအသင်းဝင်များ တက်ရောက်နိုင်ပါရန် နှင့် အသင်းမဝင်ရသေးသော စိတ်ပါဝင်စားသည့် အိမ်ခြံမြေအကျိုးဆောင်များလည်း အချိန်မီ အသင်းဝင်ရောက်၍ သင်တန်း တက်ရောက်နိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**သင်တန်းဖွင့်လှစ်မည့် အစီအစဉ်**

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁၀.၃.၂၀၂၅ ( တနင်္လာနေ့ ) |
| ကျင်းပမည့်အချိန် | - | နံနက် ( ၉:၀၀ ) နာရီမှ ညနေ ( ၅:၀၀ ) နာရီအထိ |
| ကျင်းပမည့်နေရာ | - | " Royal Ballroom" ခန်းမ " Sky Star Hotel " အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။ |

| သင်ကြားမည့်ဘာသာရပ်များ | သင်ကြားမည့်သူများ |
|---|---|
| (၁) AML/CFT ဥပဒေဆိုင်ရာ သိကောင်းစရာများ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်) |
| (၂) စည်ပင်မြေယာဥပဒေများ | ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ (YCDC) |
| (၃) အိမ်ခြံမြေ ရောင်းခွန်/ဝယ်ခွန်များအကြောင်း သိကောင်းစရာများ | ပြည်တွင်းအခွန်များဦးစီးဌာန |
| (၄) ပါမစ်မြေ၊ ဂရန်မြေ၊ ဘိုးဘပိုင်မြေနှင့် စာချုပ်စာတမ်း အကြောင်း သိကောင်းစရာများ | တရားလွှတ်တော်ရှေ့နေ မောင်ကောင်းဖေ |
| (၅) တိုက်ခန်းနှင့် ကွန်ဒို ရောင်း၊ ဝယ်၊ ငှား စာချုပ်စာတမ်းကိစ္စရပ်များအကြောင်း သိကောင်းစရာများ | ဆရာကြီး ထိယု |
| (၆) အိမ်ခြံမြေအကျိုးဆောင်များအတွက် Digital Marketing | ဆရာ ဦးပြည့်စုံဝင်း |

- **သင်တန်းဆင်းလက်မှတ်များနှင့်အတူ သက်ဆိုင်ရာ မြို့နယ်များတွင် အိမ်ခြံမြေ အကျိုးဆောင်မှတ်ပုံတင် လျှောက်ထားနိုင်ရန် ကူညီဆောင်ရွက်ပေးမည်။**
- **သင်တန်းကြေးအခမဲ့ ( အသင်းဝင်များအတွက်သာ )**
- **အသင်းဝင်မဟုတ်ပါက အသင်းဝင်ရောက်၍ တက်ရောက်နိုင်ပါသည်။**

မှတ်ချက် ။ ။ **သင်တန်းတက်ရောက်မည့်အသင်းဝင်များ ၂၀၂၅ ထိ သက်တမ်းတိုးထားရမည်ဖြစ်ပြီး အသင်းဝင်ကဒ် (သို့) ငွေသွင်းပြေစာ နှင့် လိုင်စင် ဓာတ်ပုံ (၁) ပုံစီ ယူဆောင်လာပေးပါရန်။ အသင်းဝင်ပြီးသင်တန်းတက်ရောက်လိုပါက လိုင်စင်ဓာတ်ပုံ (၅) ပုံ၊ မှတ်ပုံတင်မိတ္တူ ၂ စောင် နှင့် အိမ်ထောင်စုဇယားမိတ္တူ ၂ စောင် ယူဆောင်လာခဲ့ပေးပါရန်။**

အသေးစိတ်သိရှိလိုပါက - အသင်းရုံးခန်းနှင့် အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရန်ကုန်တိုင်းရုံးလိပ်စာ - အခန်း (၁၀၂)၊ တိုက်(၃)၊ ပထမထပ်၊ ဝေဇယန္တာလမ်း၊ မိကျောင်းကန်အမှတ်(၁) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။ ဖုန်း - ၀၉ ၇၈၀၄၈၆၇၄၇

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| ဒေါ်လွင်လွင်မေ | - | ၀၉-၅၀၃၇၄၈၈ |
| ဦးသန်းထွန်း | - | ၀၉-၅၁၅၇၀၀၆ |
| ဒေါ်ခင်သီတာထွန်း | - | ၀၉-၂၆၅၂၆၁၃၀၀ |

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ် (၁၇၇/က)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ **ဦးတင်ငွေ**အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်ရှိ အကျယ်အဝန်း (၁၈ ပေ x၅၅ ပေ)၊ ဒုတိယထပ်တိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲခွင့်ရှိသူ **ဒေါ်နွဲ့နွဲ့အေး [၁၂/သကတ(နိုင်)၀၁၀၄၅၃]**မှ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်မေသူဇင် [၁၂/သကတ(နိုင်)၁၇၄၅၄၀]**မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်မေသူဇင် | ဒေါ်ယဉ်နွယ်ခိုင် |
| [၁၂/သကတ(နိုင်)၁၇၄၅၄၀] | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၁၆) |
| | တိုက်အမှတ် (၁၈)၊ မြေညီထပ် (A)၊ သင်္ဂဟလမ်း၊ |
| | (ဃ) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၅၀၁၈၀၁၆ |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ လုပ်သားလမ်းနှင့်တေဇလမ်းထောင့်၊ မြေကွက်အမှတ် (၆၃၈)၊ မြေအကျယ်အဝန်း(၄၀ပေ×၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဦးဇော်ဝင်း(၇/တငန(နိုင်)၁၂၂၄၀၇)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးဇော်ဝင်းနိုင်(၁၁/ကဖန(နိုင်)၀၀၇၄၇၂)သည် "(၁၆-၁၂-၂၀၂၁)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်နှင့်နေအိမ် အပြီးအပိုင်ရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ကျွန်ုပ်တို့၏မိတ်ဆွေများထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄) |
| **ဦးတိုးဝေနိုင် (LL.B)** | **ဒေါ်ဥသြခင်(ခ)ဥမ္မာသိန်း(LL.B)** |
| အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃) | အထက်တန်းရှေ့နေ (စဉ်-၅၃၈၇၈) |

ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၇၆၉၈၂၃၄၁၇၊ ၀၉-၄၄၅၆၅၉၀၁၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့်စိတ်မွေး၍ ဆောင်ရွက်ကြရန်...**

❖ **အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် တက်လှမ်း

ဖေဖော်ဝါရီ ၂၀ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ဟာ ပြိုင်ဘက်အသင်းတွေကို အနိုင်ရရှိပြီး ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး မန်စီးတီးအသင်းကို နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ မန်စီးတီးအသင်းတို့ရဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဝင်ခွင့် play-offs ပွဲစဉ် ဒုတိယအကျော့မှာ ရီးယဲလ်မက်ဒရစ်အသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် လေးမိနစ်၊ ၃၃ မိနစ်နဲ့ ၆၁ မိနစ်တို့မှာ တိုက်စစ်မှူး အမ်ဘတ်ပီကဟက်ထရစ်သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းကတော့ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❖



ရီးယဲလ်မက်ဒရစ်အသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်း ဂိုးပြတ်နိုင်ပွဲရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁) ပထမနေ့ကို ဖေဖော်ဝါရီ ၂၀ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ သစ္စာအားမာန်အသင်းက အား/ကာသိပ္ပံအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။

သစ္စာအားမာန်အသင်းသည် ပထမအကျော့ရှုံးကြွေးကို ဂိုးပြတ်နိုင်ပွဲဖြင့်ပြန်ဆပ်ကာ ရာသီကုန်တွင် အဆင့် (၈) နေရာရရန် သေချာသွားခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် နိုင်ပွဲထပ်မံပျောက်ဆုံးကာ အဆင့် (၅) နေရာအတွင်းဝင်ရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး ပွဲအစတစ်မိနစ်မှာပင် စောမျိုးဇော်က သစ္စာအားမာန်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ **စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❂

# နီပေါနိုင်ငံ၌ကျင်းပသည့် လေးနိုင်ငံဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း ဂိုးပြတ်နိုင်ပွဲထပ်မံရရှိပြီး ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

လေးနိုင်ငံဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၀ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ဂိုးပြတ်နိုင်ပွဲရရှိသည်။ **စာမျက်နှာ ၁၆ ကော်လံ ၅ သို့** ○



မြန်မာအသင်းအတွက် နှစ်ဂိုးသွင်းယူခဲ့သည့် မေထက်လူကို ကာဂျစ္စတန်ကစားသမားများ ဟန့်တားရန် ကြိုးပမ်းစဉ်။

## ၂၀ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၅၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ယနေ့ ဖတ်စရာ**


**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၁၀ ထပ်မံထိန်းသိမ်းနိုင်ခဲ့** စာမျက်နှာ » ၁၁

**အချိန်အခါမဟုတ် မိုးရွာနိုင်မည့်သတိပေးချက်** စာမျက်နှာ » ၁၂

**တောင်ငူမြို့နယ်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေး ကွင်းဆင်းဆောင်ရွက်** စာမျက်နှာ » ၁၃

**မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ** စာမျက်နှာ » ၁၇